# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

# မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

နိုဝင်ဘာလ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland November 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စစ်ကောင်စီက လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှု၊ လေကြောင်း တိုက်ခိုက်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲမှုများ ပိုမိုလုပ်ဆောင်လာပြီး အဆိုပါတိုက်ခိုက်မှုများက ဒေသခံ ပြည်သူတို့၏ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည်။

**နိုဝင်ဘာလ ၂၀၂၄**

စစ်ကောင်စီက တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာနေကြောင်းကို မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက သတိမူမိပြီးဖြစ်သည်။ ယခင်က မွန်ပြည်နယ်၊ ကရင်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီမြောက်ပိုင်းရှိ မြို့နယ် (၁၀) မြို့နယ် အထူးသဖြင့် မွန်ပြည်နယ်အနီးဝန်းကျင်တစ်ဝိုက် တွင်သာ သတင်းအချက်အလက်များ ကောက်ခံခဲ့သည်။

သို့သော် မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားလာသဖြင့် စောင့်ကြည့်လေ့လာမှုများ ပိုမိုလုပ်ဆောင်ရန် လိုအပ်လာသည်။ ထို့ကြောင့် ကြာအင်းဆိပ်ကြီး၊ ဘားအံ၊ ကော့ကရိတ်၊ မြိုင်ကလေး၊ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူ၊ ပုလော၊ ပလ၊ ဘုတ်ပြင်း၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီနှင့် ကော့သောင်းမြို့နယ်များတွင်ပါ သတင်းအချက်အလက်များ တိုးမြှင့်ကောက်ခံခဲ့သည်။

ပြီးခဲ့သည့် (၇) နှစ်တာ ကာလအတွင်း စစ်ကောင်စီက စစ်အင်အားချဲ့ထွင်လာသဖြင့် လူနေကျေးရွာများအနီးတဝိုက်တွင် စစ်စခန်းများ ပိုမိုများပြားလာခဲ့သည်။ အကျိုးဆက်အားဖြင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် လွတ်လပ်စွာသွားလာခွင့်ကို ခြိမ်းခြောက်လာ သည့်အပြင် ငွေကြေးအတင်းအဓမ္မတောင်းခံခြင်းများလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာသည်။

ဒေသခံပြည်သူများသည် လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုကြုံတွေ့လာရပြီး တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့်အချိန်တွင်ပါ တိုက်ခိုက်မှုများကို ကြုံတွေ့နေ ရသည်။ စစ်ကောင်စီက အကြောက်တရားများ ပျံ့နှံ့စေရန် အပြစ်မဲ့ပြည်သူများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေသဖြင့် လူနေကျေးရွာများသည် စစ်မြေပြင်များ ဖြစ်လာသည်။

စစ်ကောင်စီ၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဒေသခံပြည်သူ (၁) ဦး သေဆုံးပြီး (၇) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ပဒိုစောအေးနိုင်၏ ပြောကြားချက်အရ မဲပလီနှင့် ဝါခေါပွကျေးရွာ အကြားတွင် ဈေးဝယ်ထွက်လာသည့်ရွာသားများကို စစ်ကောင်စီတပ်က အောက်တိုဘာလ (၁၁) ရက်နေ့တွင် မတရားဖမ်းဆီးခဲ့သည်။

မဲပလီအခြေစိုက်စစ်ကောင်စီတပ်စခန်းမှ စစ်သားများ၏တိုက်ခိုက်မှုကြောင့် အသက် (၅၇) နှစ်အရွယ် မဲပလီရွာသား စောစံဝင်း သေဆုံးခဲ့ပြီး အခြားရွာသား (၇) ဦးသည် ထိခိုက်ဒဏ်ရာ ရခဲ့သည်။

ပဒိုစောအေးနိုင်က “စစ်သားတွေ ဈေးဝယ်ထွက်လာတော့ ရွာသား (၈) ယောက်က ဈေးဆိုင်ထဲမှာ ရှိနေတာ။ သူတို့လိုချင်တဲ့ပစ္စည်းမရှိဘူးလို့ ပြောတော့ ဆိုင်ထဲကလူတွေကို အကြောင်းပြချက်မရှိ သေနတ်တွေနဲ့ ရမ်းကားတော့တာပဲ” ဟု ပြောသည်။

ထိခိုက်ဒဏ်ရာရသူများမှာ စောဇော်ထူး၊ စောသန်းလှ၊ စောဝင်းဘို၊ စောသန်းချစ်၊ စောဘိုကီး၊ စောဖာဖိုနှင့် နော်ဌေးရီတို့ ဖြစ်ကြပြီး ၎င်းတို့အားလုံးသည် မဲပလီနှင့် ဝါခေါပွကျေးရွာများမှ လူလတ်ပိုင်းများ ဖြစ်ကြသည်။ (၅)

## နိုဝင်ဘာလ ၂၀၂၄

ဦးကို မဲပလီစစ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး (၂) ဦးမှာ ထိခိုက်ဒဏ်ရာရရှိထားသဖြင့် မြိုင်ကလေးဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်းတွင် စစ်ကောင်စီက လူနေအိမ်များကို ဖျက်ဆီးမှုများ ပိုမိုလုပ်ဆောင်လာသည်။ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၏ ပြောကြားချက်အရ ပုလောမြို့နယ် ကျောင်းနိမ့်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်က လူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

နိုဝင်ဘာလ (၃) ရက်နေ့တွင် စစ်ကောင်စီတပ်က ကျေးရွာအတွင်းသို့ ဝင်ရောက်လာစဉ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲပြီးနောက် စစ်သားများက လူနေအိမ် (၁၀) လုံးကို မီးရှို့ခဲ့ရာ အိမ် (၈) လုံးသည် အကြီးအကျယ်ပျက်စီးခဲ့ပြီး နေအိမ် (၂) လုံးမှာမူ အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါစစ်သားများအနက် အချို့သည် ပုလောအခြေစိုက် အမှတ် (၂၈၅) ခြေမြန်တပ်ရင်းမှ စစ်သားများ ဖြစ်ကြသည်။ တိုက်ပွဲပြီးနောက် အမှတ် (၂၈၅) တပ်ရင်းက ကျောင်းနိမ့်ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံအများအပြား ဘေးလွတ်ရာ ရှောင်တိမ်း ခဲ့ရသည်။

ဒေသအတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ကျေးရွာ (၁၅) ရွာမှ ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဒေသခံတော်လှန်ရေးတပ်ဖွဲ့များက ပြောသည်။ လက်ရှိတွင် ကြယ်၊ စက်တော်ရာ၊ ဇရပ်ဆိပ်၊ ကဒဲနှင့် ပဝပ်ကုန်းကျေးရွာများ၌ စစ်ကောင်စီတပ်များက စခန်းချနေကြပြီး အဆိုပါဒေသများရှိ အဝေးပြေးလမ်းမကြီးလမ်းပိုင်းကို ထိန်းချုပ်ထားသည်။

၎င်းပြင် လေကြောင်းတိုက်ခိုက်မှုက အကြောက်တရားများကို ဖြစ်ပွားစေပြီး ဒေသခံပြည်သူများ အကြားမသေချာမရေရာမှုများ ဖြစ်ပေါ်နေသည်။ မြိတ်ခရိုင် တနင်္သာရီမြို့နယ် တကူမြို့နယ်ခွဲတွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ကိုးအင်းကျေးရွာမှ ဒေသခံပြည်သူ (၁) ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၂) လုံး ပျက်စီးခဲ့သည်။

နိုဝင်ဘာလ (၄) ရက်နေ့ နေ့လည် (၁၁) နာရီခွဲအချိန်တွင် သိန္ဓောကျေးရွာအုပ်စု ဘန်းပြည့်ကျေးရွာကို ပေါင် (၂၅၀) ဗုံး (၂) လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ ၎င်းနောက် တကူမြို့နယ်ခွဲ ကိုးအင်းကျေးရွာကို K8W တိုက်လေယာဉ်ဖြင့် နောက်ထပ်ဗုံးသီး (၄) လုံး ကြဲချခဲ့ပြန်သည်။

"ဗုံးသီးတွေက နေအိမ်အပေါ်ကို တိုက်ရိုက်ကျတာ။ ဒဏ်ရာရတဲ့သူကတော့ ဗုံးစမှန်သွားတယ်။ ဒီလိုအချိန်က ဆေးဝါးတွေ ဆေးမှုးတွေလည်း ကောင်းကောင်းမရှိတော့ ထိခိုက်သူတွေကတော့ ယာယီသဘောမျိုးနဲ့ပဲ ဆေးကုနေရတယ်။ တချို့ဒဏ်ရာတွေက ကောင်းကောင်းမကျက်တော့ ပိုဆိုးလာတာတွေ ရှိတယ်" ဟု ကိုးအင်းရွာသားတစ်ဦးက ပြောသည်။

"ဒီကလူတွေအားလုံးက ဘယ်အချိန် ကိုယ့်အိမ်အပေါ် ဗုံးကျမလဲဆိုပြီး အကြောက်တရားနဲ့ နေ,နေရတာပဲ။ လူတွေက အကြောက်လွန်ပြီးတော့ အလုပ်သွားဖို့တောင် လန့်နေကြတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရသူမှာ အသက် (၂၂) နှစ်အရွယ် ကိုဝဏ္ဏကျော်ဖြစ်ပြီး ခြေထောက်တွင် ဗုံးစထိမှန်ခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာလ (၂၆) ရက်နေ့တွင်လည်း K8W နှင့် MI2 တိုက်လေယာဉ်များဖြင့် သိန္ဓောကျေးရွာအုပ်စု လယ်သစ်အရှေ့ပိုင်း ဘန်းပြည့်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ဆက်တိုက်ပြုလုပ်ခဲ့ရာ လယ်သစ်ကျေးရွာမှ ရွာသား (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

## မတရားဖမ်းဆီးမှုများ

စစ်ကောင်စီက ပြည်သူလူထုကို စောင့်ကြည့်မှုများ ပိုဆောင်လုပ်ဆောင်လာပြီး မတရားဖမ်းဆီးမှု များကို ဥပဒေမဲ့လုပ်ဆောင်လာသည်။ သတင်းအချက်အလက်များအရ ဖမ်းဆီးခံရပြီးနောက် စစ်ကြောရေးစခန်းတွင် သေဆုံးသွားသူများလည်း အများအပြားပင် ရှိနေသည်။

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာကို ဝင်ရောက်စီးနင်း စဉ်အတွင်း ဖမ်းဆီးသွားသည့် လူငယ်တစ်ဦး၏ ရုပ်အလောင်းကို နိုဝင်ဘာလ (၂) ရက်နေ့တွင် ပြန်လည်တွေ့ရှိခဲ့သည်။

အသက် (၂၇) နှစ်အရွယ် ကိုထိုက်ဆိုသူ ဖြစ်ပြီး ရန်တောင်ကျေးရွာမှ ဖြစ်သည်။ ၎င်းသည် အောက်တိုဘာလ (၂၈) ရက်နေ့တွင် သရက်နှစ်ခွကျေးရွာမှ ဥတ္တုကျေးရွာသို့ ဆိုင်ကယ်စီးနင်း လာစဉ် စစ်ကြောင်းနှင့် တိုးမိပြီး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ နိုဝင်ဘာလ (၂) ရက်နေ့တွင် ၎င်း၏ရုပ်အလောင်းကို စစ်ကောင်စီတပ်စခန်းချခဲ့သည့် သရက်နှစ်ခွကျေးရွာအနီးရှိ ရာဘာခြံ တစ်ခုတွင် လိုက်ရှာသူများက တွေ့ရှိခဲ့သည်။

“စစ်တပ်ထွက်သွားပြီးတော့ နိုဝင်ဘာ (၂) ရက်နေ့မှာ သူ့ကို ကျွန်တော်တို့ရွာကလူတွေနဲ့ ရန်တောင်ရွာကလူတွေက လိုက်ရှာကြတယ်။ သူ့အလောင်းကို တံတားသေးသေးလေးတစ်ခုနားမှာ တဝက်တပျက်မြှုပ်ထားပြီး ကွမ်းပင်ရွက်တွေနဲ့ ဖုံးထားတာကို တွေ့တယ်။ လက်တစ်ဖက်က ပေါ်နေတာ” ဟု သရက်နှစ်ခွရွာသားတစ်ဦးက ပြောသည်။

အလောင်းတွင် နှိပ်စက်ခံထားရသည့်ဒဏ်ရာများ တွေ့ရကြောင်း ရွာသားများက ပြောသည်။

“တွေ့တဲ့အချိန်မှာ အလောင်းက ပုပ်ပွနေပြီ။ အဲကြောင့် အဲမှာပဲ သင်္ဂြိုဟ်လိုက်ရတယ်” ဟု အခြားရွာသားတစ်ဦးက ပြောသည်။

ကိုထိုက်သည် မူးယစ်ဆေးစွဲနေသူ ဖြစ်ကြောင်း၊ ၎င်းကို အောက်တိုဘာလ (၂၉) ရက်နေ့တွင် နောက်ဆုံးတွေ့ရှိခဲ့ကြောင်း၊ စစ်တပ်စခန်းချရာအနီးတွင် သေနတ်သံ (၂) ချက် ကြားရကြောင်း ဒေသခံများက ပြောသည်။

“သေနတ်သံကြားပြီးတော့ စစ်သားတွေက ခေးတွေ ပုဆိုးနဲ့တွေ ကိုင်ပြီး ရာဘာခြံထဲကို ဝင်သွားတယ်။ နောက်တော့ သူတို့က ဆိုင်ကယ်တစ်စီးကို တွန်းပြီး ပြန်ထွက်လာတယ်။ အဲ့ဆိုင်ကယ်ကို ရွာဘုန်းကြီးကျောင်းမှာ (၃) ရက်လောက် ထားသွားသေးတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာလ (၃၀) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ချောင်းတောင်ကျေးရွာမှ အမျိုးသမီးတစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်သည်ဟုဆိုကာ စစ်ကောင်စီတပ်က နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။

အသက် (၄၈) နှစ်အရွယ် မတင်မာဝင်းကို ညနေပိုင်းအချိန်တွင် ဖမ်းဆီးခေါ်ဆောင်သွားသည်။ ၎င်း၏သားဖြစ်သူသည် တော်လှန်ရေးတွင် ပါဝင်နေသဖြင့် ၎င်းကို ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း မိသားစုဝင်များနှင့် နီးစပ်သူများက ထင်မြင်ယူဆကြသည်။

“သူ့သားက တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ယောက်ပဲ။ သူ့ကိုယ်စား ဖမ်းသွားတာ ဖြစ်မယ်။ ဘယ်မှာဖမ်းထားတယ် အခြေအနေဘယ်လိုရှိတယ်ဆိုတာတော့ မသိရဘူး” ဟု ၎င်း၏ အသိမိတ်ဆွေတစ်ဦးက ပြောသည်။

မိသားစုဝင်များသည် ၎င်းကို မည်သည့်နေရာတွင် ဖမ်းဆီးထားသည်ကို နိုဝင်ဘာလ (၅) ရက်နေ့အထိ မသိရှိရသဖြင့် စိုးရိမ်ပူပန်နေကြသည်။ “ဘာသတင်းမှ မကြားသေးဘူး။ သူက တံငါအလုပ်လုပ်နေတဲ့သူတစ်ယောက်ပါ။ ဆွေမျိုးနီးစပ်လည်း မရှိပါဘူး။ အခုအခြေအနေမှာတော့ ဘယ်သူမှလည်း လိုက်မရှာရဲကြဘူးလေ” ဟု အခြားသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ယခုအဖြစ်အပျက်မတိုင်ခင် စက်တင်ဘာလ (၁၀) ရက်နေ့တွင် ရေးပြောက်ကျားတပ်ဖွဲ့၏ အဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးပြီးနောက် ၎င်း၏ဖုန်းဆိုင်ကိုလည်း စစ်ကောင်စီက ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

စက်တင်ဘာနှင့် အောက်တိုဘာလလ (၂) အတွင်း ချောင်းတောင်ကျေးရွာမှ ဒေသခံပြည်သူ (၇) ဦးသည် အလားတူစွပ်စွဲချက်များဖြင့် ဖမ်းဆီးခံခဲ့ရသည်။

စစ်ကောင်စီတပ်သည် မြိတ်ခရိုင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာကို (၁၅) ရက်တာ ဝင်ရောက်စီးနင်းထိန်းချုပ်ပြီးနောက် ပြန်လည်ထွက်ခွာချိန်တွင် ဒေသခံတစ်ဦးကို ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်သည် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက စခန်းချနေပြီး နိုဝင်ဘာလ (၆) ရက်နေ့မနက်တွင်မှ ပြန်လည်ဆုတ်ခွာသွားသည်။

ဆုတ်ခွာချိန်တွင် အသက် (၃၅) နှစ်အရွယ် ကိုစိုးကြည်ကို အကြောင်းပြချက်မရှိ ဖမ်းဆီး ခေါ်ဆောင်သွားသည်။

"သူ့ကို ပုလောက အမှတ် (၂၈၅) တပ်ရင်းကို ခေါ်သွားတာ။ မိသားစုနှင့် တွေ့ခွင့်မပေးဘူး။ ပြန်လည်း မလွှတ်သေးဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကိုစိုးကြည်၏ဆိုင်ကိုလည်း စစ်ကောင်စီက ချိပ်ပိတ်သိမ်းယူခဲ့ကြောင်း မျက်မြင်များက ပြောသည်။ ဖမ်းဆီးသည့်အကြောင်းရင်းကို မသိရှိရသေးသဖြင့် မိသားစုနှင့် ဒေသခံပြည်သူများက ၎င်းအတွက် စိုးရိမ်ပူပန်နေကြသည်။

ဖမ်းဆီးထိန်းသိမ်းမှုများနှင့် အကြမ်းဖက်မှုများသည် ဆက်တိုက်ဖြစ်ပွားနေသည်။ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ဇရပ်ဆိပ်ကျေးရွာမှ အသက် (၃၀) အရွယ် ကိုငွေလှ၊ ကိုမြင့်ဖေနှင့် ကိုဝတုတ်တို့ကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီးနောက် သတင်းအစအန ပျောက်ဆုံးနေသည်။ မိသားစုဝင်များက ၎င်းတို့ကို မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ကို စုံစမ်းနေသည်။ ၎င်းပြင် အောက်တိုဘာလ (၂၆) ရက်နေ့တွင် စစ်ကောင်စီတပ်က ဒေသခံအမျိုးသား (၂) ဦးကို ပစ်သတ်ခဲ့သည်။

အထက်ပါအဖြစ်အပျက်များက ပုလောမြို့နယ်တွင် စစ်ကောင်စီတပ်က အကြမ်းဖက်မှုများနှင့် မတရားဖမ်းဆီးမှုများကို တိုးမြှင့်ကျူးလွန်နေကြောင်း ဖော်ပြနေပြီး အဆိုပါအကြမ်းဖက်မှု များကြောင့် ဒေသအတွင်း ကြောက်ရွံ့ထိတ်လန့်မှုများနှင့် မသေချာမရေရာမှုများ ပျံ့နှံ့နေသည်။

စစ်ကောင်စီက ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားနေသည်။ မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမင်္ဂလာတိုက်ခန်းတွင်နေထိုင်သည့် ဆရာဝန်တစ်ဦးကို စစ်ကောင်စီ ပူးပေါင်းအဖွဲ့က ဖမ်းဆီးခဲ့သည်။ နိုဝင်ဘာလ (၁၃) ရက်နေ့ညတွင် စစ်သားနှင့် ရဲတပ်ဖွဲ့ဝင်များက အင်အားအလုံးအရင်းဖြင့် တိုက်ခန်းကို ဝင်ရောက်စီးနင်းပြီး ဒေါက်တာအောင်ဖြိုးကို ဖမ်းဆီးခဲ့သည်။

"အရင်ကဆန္ဒပြပွဲတွေကို ဦးဆောင်တယ်ဆိုပြီး စွပ်စွဲတယ်။ ဒေါက်တာအောင်ဖြိုးက အရင်ကဆန္ဒပြပွဲတွေမှာ တော်တော်လေး တက်ကြွပြီး ကူညီပေးတယ်။ ခုတော့ ဆေးခန်းပဲ ဖွင့်နေတာ။ ဖမ်းတယ်ဆိုတာကလည်း အရင်ကကိစ္စတွေနဲ့ပဲ ပတ်သက်တာ နေမှာပါ" ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် ဒေါက်တာအောင်ဖြိုးကို စစ်တပ်က စစ်ဆေးမေးမြန်းနေပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် စစ်ကောင်စီက (၈၈) မျိုးဆက် ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ တက်ကြွလှုပ်ရှားသူ ဦးအောင်ခိုင်ကို ဖမ်းဆီးခဲ့သည်။ ၎င်းသည် ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့သူဖြစ်သည်။

စစ်ကောင်စီက ၎င်းသည် မော်လမြိုင်အခြေစိုက် ကျိုက်ဖနဲ ၁၆ လူမှုကူညီရေးအသင်းနှင့် ဆက်နွယ်ပတ်သက်သည်ဟုဆိုကာ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၎င်းအသင်းသည် အာဏာသိမ်းပြီးနောက်ပိုင်း အသင်းဝင်များအားလုံးနီးပါးက လက်နက်ကိုင်တော်လှန်ရေးကို ရွေးချယ်သွားခဲ့ကြသည်။

အသက် (၅၀) အရွယ် ဦးအောင်ခိုင်ကို စစ်တပ်က မော်လမြိုင်ရှိ ကန်သုံးဆင့်စစ်ကြောရေးစခန်းတွင် စစ်ဆေးမေးမြန်းနေပြီး စစ်ဆေးနေစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများလည်း ပြုလုပ်နေကြောင်း သိရသည်။

စစ်ကောင်စီက မော်လမြိုင်တွင် ညဘက်ရှာဖွေစစ်ဆေးမှုများ ပိုမိုလုပ်ဆောင်နေပြီး လူငယ်များကို ပစ်မှတ်ထားကာ ဖမ်းဆီးထိန်းသိမ်းနေသည်။

ညွှန့်စာရင်းအကြောင်းပြကာ ဖမ်းဆီးမှုများ လုပ်ဆောင်နေပြီး ပြန်လည်လွှတ်ပေးစေရန် ငွေကြေး အတင်းအဓမ္မတောင်းခံမှုများ လုပ်ဆောင်နေသည်။

ဒေသခံပြည်သူများအကြား စိုးရိမ်ကြောက်လန့်မှုနှင့် မသေချာမရေရာမှုများ ခံစားနေရပြီး စစ်ကောင်စီကမူ ၎င်းတို့ကိုဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများနှင့် ဒေသခံပြည်သူများကို ဆက်လက်ဖြိုခွင်းနေသည်။

နိုဝင်ဘာလ (၂) ရက်နေ့တွင် မော်လမြိုင်မြို့ (၆) မိုင်ကျွဲခြံရပ်ကွက်မှ လူငယ် (၂) ဦးကို ဖမ်းဆီးခဲ့သည်။ လူမှုကွန်ရက်တွင် စစ်ကောင်စီကိုဝေဖန်သည့် အရေးအသားများ ဖော်ပြသဖြင့် ဖမ်းဆီးသွားခြင်း ဖြစ်သည်။

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ဒေသမှ အမျိုးသား (၅) ဦးကိုလည်း စစ်ကောင်စီက အကြောင်းပြချက်မရှိ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒေသခံများက ပြောသည်။

နိုဝင်ဘာလ (၂) ရက်နေ့ နံနက် (၂) နာရီတွင် အသက် (၂၆) နှစ်အရွယ် ကိုထက်ဝေလင်း၊ လှည်းကုန်း (၂) ရပ်ကွက်မှ အခြားအမျိုးသား (၁) ဦးနှင့် လှည်းကုန်း (၁) ရပ်ကွက်မှ ကိုကျော်ကျော်တို့ကို ၎င်းတို့၏နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။ ကိုကျော်ကျော်သည် ရေသန့်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပြီး ကိုထက်ဝေလင်းသည် ကွမ်းယာဆိုင်ဖွင့်ထားသူ ဖြစ်သည်။ အခြားအမျိုးသားကမူ ဖုန်းဆိုင်ဖွင့်ထားသည်။

“(၅) ယောက် ဖမ်းသွားတယ်။ (၃) ယောက်တွေရဲ့အိမ်ကို သေချာရှာဖွေသွားတယ်။ ကိုကျော်ကျော်အိမ်ဆို မြေကြီးတွေကိုပါ တူးပြီးရှာသွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

အထက်ပါအမျိုးသား (၃) ဦးအပြင် ကံပေါက်ဒေသခံ (၂) ဦးကိုလည်း ဖမ်းဆီးသွားခဲ့သည်။ ခေါင်းကို အဝတ်နက်အုပ်ကာ ဖမ်းဆီးသွားခြင်း ဖြစ်သည်။

ဖမ်းဆီးသွားသူ (၅) ဦးစလုံးကို မောရဝတီရေတပ်စခန်းတွင် ထိန်းသိမ်းထားသည်။ မောရဝတီရေတပ်သည် ယခုနှစ်တွင် ဒေသခံပြည်သူ (၅၀) ကျော်ကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့အနက် အနည်းဆုံး (၁၀) ဦးသည် အကြမ်းဖက်မှုပုဒ်မဖြင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။

နေအိမ်ဝင်ရောက်စီးနင်းမှုများ ဆက်လက်ဖြစ်ပွားနေပြီး အမျိုးသားများသည် နေအိမ်များတွင် ဖမ်းဆီးခံနေရသည်။ နံနက် (၂) နာရီတွင် လှည်းကုန်း (၂) ရပ်ကွက်မှ အသက် (၂၆) နှစ်အရွယ် ကိုထက်ဝေလင်း၊ အမည်မသိအမျိုးသား (၁) ဦးနှင့် လှည်းကုန်း (၁) ရပ်ကွက်မှ အသက် (၂၁) နှစ်အရွယ် ကိုကျော်ကျော်တို့ ဖမ်းဆီးခံခဲ့ရသည်။

ရေသန့်လုပ်ငန်းလုပ်ကိုင်နေသူ ကိုပြည့်ဖြိုးပိုင်၊ ကွမ်းယာဆိုင်ဖွင့်ထားသူ ကိုထက်ဝေလင်းနှင့် ဖုန်းဆိုင်ဖွင့်ထားသူ အခြားအမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့သည်။

၎င်းပြင် အမည်မသိအမျိုးသား (၂) ဦးကိုလည်း ဦးခေါင်းကို အဝတ်နက်အုပ်ကာ ဖမ်းဆီးသွားကြောင်း မျက်မြင်များက ပြောသည်။ ဖမ်းဆီးထားသူ (၅) ဦးစလုံးကို မောရဝတီရေတပ်စခန်းဌာနချုပ်သို့ ခေါ်ဆောင်သွားသည်။

ဖုန်းဆိုင်ဖွင့်ထားသူကို နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကျန် (၄) ဦးကိုမူ ဆက်လက်ထိန်းသိမ်းထားကာ စစ်ဆေးမေးမြန်းနေသည်။

“အခုရက်ပိုင်းတွေမှာ လူငယ်တွေကို နီးနီးကပ်ကပ် စောင့်ကြည့်နေတယ်။ ညဘက်တွေမှာဆို ဘာအကြောင်းပြချက်မှ မပေးဘဲ ဖမ်းတာဆီးတာ လုပ်နေတယ်” ဟု ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မော်ရဝတီရေတပ်က ကံပေါက်ဒေသတွင် ညဘက်ရှာဖွေဖမ်းဆီးမှုများနှင့် စီးနင်းမှုများကို လုပ်ဆောင်နေပြီး ဒေသခံလူငယ်များကို ပစ်မှတ်ထား ဖမ်းဆီးနေသည်။ ၂၀၂၄ ခုနှစ် တစ်နှစ်တည်းတွင် ပယကျေးရွာနှင့် ဖောင်းတောကျေးရွာအုပ်စုမှ ရွှေ့ပြောင်းလုပ်သားများအပါအဝင် ရွာသားအယောက် (၅၀) ကျော် ပ+ဖမ်းဆီးခံခဲ့ရသည်။

ဖမ်းဆီးခံရသူများအနက် အမျိုးသား (၅) ဦးနှင့် အမျိုးသမီး (၆) ဦး စုစုပေါင်း (၁၁) ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ရာ ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းချခံနေကြရသည်။ ရွာသား (၄) ဦးကို မော်ရဝတီရေတပ်စခန်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းနေသည်။ အခြားရွာသား (၁) ဦးမှာ တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။

ဖောင်းတောကျေးရွာမှ အမျိုးသားတစ်ဦးသည် မော်ရဝတီရေတပ်စခန်းတွင် ဖမ်းဆီးထိန်းသိမ်း ခံထားရစဉ် ကျန်းမာရေးချို့တဲ့ပြီး သေဆုံးခဲ့ရသည်။ ဖမ်းဆီးထိန်းသိမ်းထားသူများကို ကျန်းမာရေးစောင့်ရှောက်မှု မည်ကဲ့သို့ပေးဆောင်နေသည်မှာ စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

ယခုလတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အမျိုးသမီးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ပြထားသည့် The Voice Up စာစဉ်အမှတ် (၄) ကို ထုတ်ဝေခဲ့သည်။

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက အမျိုးသမီး (၁၇၆) ဦးကို သတ်ဖြတ်ခဲ့သည်။ အမျိုးသမီး (၃၇၀) ဦးမှာ ထိခိုက်ဒဏ်ရာရခဲ့ပြီး (၁၉၆) ဦးမှာ မတရားဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ စစ်ကောင်စီက ကလေးသူငယ် (၄၈) ဦးကို သတ်ဖြတ်ခဲ့ပြီး အယောက် (၈၀) ကို ထိခိုက်ဒဏ်ရာရစေခဲ့သည်။

အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေသည်ကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီသည် နောက်ဆက်တွဲအကျိုးရလဒ်များကို ဂရုစိုက်ခြင်း မရှိကြောင်း တွေ့ရသည်။ ၎င်းတို့ကျူးလွန်မှုအတွက် တာဝန်ခံတာဝန်ယူရန် လုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် ထိုသို့လစ်လျူရှုနေခြင်း ဖြစ်သည်။

နိုဝင်ဘာလ (၅) ရက်နေ့ ညနေ (၅) နာရီ (၄၅) မိနစ်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့ ရပ်ကွက်ကြီးရပ်ကွက်ဟု လူသိများသည့် အမှတ် (၅) ရပ်ကွက် (၃) လမ်းသို့ ရဲတပ်ဖွဲ့ဝင် (၃) ဦးက ကားဖြင့် ဆိုက်ရောက်လာသည်။

အဆိုပါရဲတပ်ဖွဲ့ဝင်များက ၆၀-မမ လက်နက်ကြီးများကို ပစ်ခတ်ခဲ့ရာ (၅) လမ်းရှိ ဒေါ်ခင်မြင့်နေအိမ် ပေါ်သို့ လက်နက်ကြီးကျခဲ့သည်။

အသက် (၇၀) အရွယ် ဒေါ်ခင်မြင့်သည် ဦးခေါင်းနှင့် ဝမ်းဗိုက်တွင် ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားရာတွင်ပင် သေဆုံးခဲ့သည်။ ၎င်း၏မြေးဖြစ်သူ အသက် (၁၅) နှစ်အရွယ် မလဲ့လဲ့စန်းသည်လည်း ညာဘက်လက်ဖဝါးတွင် လက်နက်ကြီးစ ထိမှန်ပြီး ထိခိုက်ဒဏ်ရာရခဲ့သည်။

လက်နက်ကြီးတစ်လုံးသည် အမှတ် (၅) ရပ်ကွက် အရှေ့တောင်ပိုင်းတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ပစ်ခတ်မှုတွင်ပါဝင်ခဲ့

## နိုဝင်ဘာလ ၂၀၂၄

သူ ရဲတပ်ဖွဲ့ဝင်သည် အမှတ် (၅) ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး သတင်းပေးများနှင့်အတူ ရောက်ရှိလာခြင်းဖြစ်ကြောင်း မျက်မြင်များက ပြောသည်။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်ကားလမ်းအနီးရှိ သရက်နှစ်ခွနှင့် သင်းကျွန်းကျေးရွာကြားရှိ ထန်းရည်ဆိုင်တွင် အမျိုးသမီးတစ်ဦးသည် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ ရသည်။

နိုဝင်ဘာလ (၆) ရက်နေ့ နံနက် (၉) နာရီ မိနစ် (၄၀) အချိန်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက စစ်ကောင်စီတပ်ကို သရက်နှစ်ခွနှင့် သင်းကျွန်းကျေးရွာအကြားတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က နိုဝင်ဘာလ (၇) ရက်နေ့ ညနေပိုင်းတွင် ထုတ်ပြန်သည့် ဗီဒီယိုဖိုင်အရ တိုက်ခိုက်မှုသည် အမှန်တကယ်ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်က ရပ်တန့်ခဲ့ပြီး သေနတ်ဖြင့် ရမ်းသမ်းပစ်ခတ် ခဲ့သည်။ ထန်းရည်ဆိုင်မှ အမျိုးသမီးတစ်ဦးသည် ပေါင်တွင် ကျည်ထိမှန်ခဲ့သည်။ ၎င်းကို သင်းကျွန်းကျေးရွာဘုန်းတော်ကြီးတစ်ပါး၏ မော်တော်ယာဉ်ဖြင့် ထားဝယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အထက်ပါအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် ဒေသအတွင်း အကြမ်းဖက်မှုများ မြင့်တက်နေသည်ကို သိမြင်နိုင်သည်။ အောက်တိုဘာလ (၂၅) ရက်နေ့နှင့် နိုဝင်ဘာလ (၁) ရက်နေ့အကြားတွင် ရန်တောင်ကျေးရွာမှ ဆိုင်ကယ်စီးနင်းလာသည့် လူငယ်အမျိုးသားတစ်ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၎င်းကို သရက်နှစ်ခွနှင့် မဲနယ်အိုးကျေးရွာကြား အရှေ့ဘက်လမ်းတလျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက သတ်ဖြတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း လူပေါင်း (၁,၀၀၀) ကျော်သည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးခဲ့ရသဖြင့် ကမ္ဘာ့စံချိန်တင်ခဲ့သည်။

ထားဝယ်မြို့နယ် ရှင်မုတ္ထီးကျေးရွာတွင် ထားဝယ်-မြိတ်ကားလမ်းပေါ်ရှိ ရွှေဂူတံတားဂိတ်မှ စစ်ကောင်စီတပ်သားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသမီးငယ် (၁) ဦး သေဆုံးပြီး အခြားပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားပြီးနောက် နိုဝင်ဘာလ (၁၆) ရက်နေ့ည (၈) နာရီတွင် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ညနေပိုင်းအချိန်တွင် ကော်သူလေးတပ်မတော်က ရွှေဂူတံတားဂိတ်ကို တိုက်ခိုက်ခဲ့သည်။ စစ်တပ်က ရောင်းမော်နှင့် ရှင်မုတ္ထိအပါအဝင် အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

လက်နက်ကြီးတစ်လုံးသည် ရှင်မုတ္ထီးကျေးရွာရှိ အလုပ်သမားတန်းလျားကို ထိမှန်ခဲ့သည်။ အညာဒေသမှ လာရောက်လုပ်ကိုင်နေသူ အသက် (၁၉) နှစ်အရွယ် ရွှေ့ပြောင်းအလုပ်သမား မချစ်မိုးဆွေသည် ပွဲချင်းပြီး သေဆုံးခဲ့သည်။

အခြားအလုပ်သမား (၅) ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ပြီး ထားဝယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။

"လက်နက်ကြီးက အလုပ်သမားတန်းလျားပေါ်ကို ကျတာ။ မချစ်မိုးဆွေက ပွဲချင်းပြီးသေသွားတယ်။ အခြား (၅) ယောက်လည်း ထိခိုက်ဒဏ်ရာရကုန်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

နိုဝင်ဘာလ (၃) ရက်၊ (၉) ရက်နှင့် (၁၀) ရက်နေ့များတွင် ရွှေဂူတံတားဂိတ်ရှိ စစ်ကောင်စီ တပ်သားများ တိုက်ခိုက်ခံရပြီးနောက် စစ်တပ်က လက်တုန့်ပြန်ခြင်း ဖြစ်သည်။ နိုဝင်ဘာလ (၁၆) ရက်နေ့တွင်လည်း အနီးအနားကျေးရွာများကို လက်နက်ကြီး (၁၀) လုံးထက်မနည်းဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

ရွှေဂူတံတားဂိတ်သည် ထားဝယ်-မြိတ်ကားလမ်းမပေါ်တွင် တည်ရှိပြီး အနီးအနားတွင် ရှင်မုတ္ထီး၊ ရောင်းမော်၊

## နိုဝင်ဘာလ ၂၀၂၄

စောဝနှင့် ရောင်ဇင်စသည့် ကျေးရွာများ တည်ရှိသည်။ ယခုအခါ အဆိုပါကျေးရွာများသည် လုံခြုံရေးအရ ခြိမ်းခြောက်ခံနေရသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သုံးခွကျေးရွာတွင် စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီး ပစ်ခတ်ခဲ့သဖြင့် မိခင်ဖြစ်သူနှင့် ဆက်ကျော်သက်သမီးဖြစ်သူတို့ ထိခိုက်ဒဏ်ရာရ ခဲ့သည်။

နိုဝင်ဘာလ (၂၂) ရက်နေ့ ညနေ (၅) နာရီတွင် သိမ်ဇရပ် အခြေစိုက် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းနှင့် ဝေါဘက်ချောင်းမြစ်ကမ်းပါးတွင် စခန်းချနေသည့် စစ်ကောင်စီတပ်သား များက ကျေးရွာကို လက်နက်ကြီး (၅) လုံး ထက်မနည်း ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးတစ်လုံးသည် သုံးခွကျေးရွာအနီး ဝဲဒက်ကွင်းကျေးရွာရှိ ဓမ္မဒူတ ဘုန်းတော်ကြီးကျောင်း အနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး သားအမိ (၂) ဦးကို ထိမှန်ကာ ဒဏ်ရာရစေခဲ့သည်။

လက်နက်ကြီးကျည်သည် အသက် (၅၂) အရွယ် ဒေါ်တင်တင်ခိုင်၏နေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်းသည် တင်ပါးတွင် ဒဏ်ရာရခဲ့သည်။

အသက် (၁၇) နှစ်အရွယ် သမီးဖြစ်သူ မနှင်းနှင်းကြည်သည်လည်း နဖူးနှင့် ခြေသလုံးတွင် ထိခိုက်ဒဏ်ရာ အများအပြား ရရှိခဲ့ပြီး ဘယ်ဘက်ဒူးခေါင်းတွင်လည်း နက်ရှိုင်းသည့်ဒဏ်ရာ ရရှိခဲ့သည်။ ၎င်းပြင် ညာဘက်မျက်လုံးတွင်လည်း ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူသားအမိ (၂) ဦးစလုံးကို နီးစပ်ရာဆေးခန်းတွင် ဆေးကုသမှုပေးလျက်ရှိသည်။

တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများမှာ စိုးရိမ်ကြောက်လန့်နေပြီး အချို့မှာ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုက ပြည်သူတို့၏ အသက်ကို အန္တရာယ်ဖြစ်စေပြီး ၎င်းတို့၏နေ့စဉ်ဘဝကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

အခြားအကြမ်းဖက်မှုဖြစ်စဉ်တစ်ခုတွင် မွန်ပြည်နယ် ရေးမြို့နယ်မှ အသက် (၃၀) အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ပြည်သူ့စစ်အဖွဲ့ဝင်နှင့် ပျူစောထီးအဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ပစ်ခတ်မှုသည် နိုဝင်ဘာလ (၂၅) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် အစင်ကျေးရွာအဝင်ဝတွင် ဖြစ်ပွားခဲ့သည်။

ဆိုင်ကယ်တစ်စီးလျှင် လူ (၂) စီးနင်းလာသည့် လူငယ် (၄) ဦးသည် စစ်ဆေးရေးဂိတ်တွင် ရပ်တန့်ပေးခြင်း မရှိသဖြင့် ၎င်းတို့ကို ပျူစောထီးအဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး ခဲ့သည်။

အစင်ကျေးရွာလမ်းမအတိုင်း လမ်းလျှောက်လာသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ပေါင်တွင် ကျည်ထိမှန်ခဲ့သည်။

“ပျူစောထီးတွေက ဆိုင်ကယ် (၂) စီးနောက်ကို လိုက်တာ။ လမ်းမကြီးပေါ်မှာဖြစ်တော့ အနီးအနားမှာ လူတွေရှိနေတယ်။ ကိုယ်ဝန်သည်တစ်ယောက်ကို ကျည်ထိမှန်သွားတယ်” ဟု အစင်ရွာသားတစ်ဦးက ပြောသည်။

လူငယ် (၁) ဦးကို ပျူစောထီးများက ဖမ်းဆီးရမိခဲ့ပြီး (၃) ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ဒဏ်ရာရသူအမျိုးသမီးသည် လက်ရှိတွင် ရေးပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်။

ယခုအဖြစ်အပျက်သည် အစင်ကျေးရွာစစ်ဆေးရေးဂိတ်တွင် ဖြစ်ပွားသည့် ပထမဆုံးအကြမ်းဖက်မှု မဟုတ်ချေ။ ပြီးခဲ့သည့်မတ်လတွင်လည်း စစ်ကောင်စီတပ်သားများက ဆိုင်ကယ်ရပ်ပေးခြင်းမရှိ ဟုဆိုကာ ဒေသခံအမျိုးသားတစ်ဦးကို အဆိုပါနေရာတွင်ပင် ပစ်သတ်ခဲ့သည်။

စစ်ကောင်စီတပ်သားများနှင့် ပျူစောထီးများ တပ်စွဲထားသည့် စစ်ဆေးရေးဂိတ်များသည် ခရီးသွားပြည်သူများကို ရပ်တန့်စစ်ဆေးခြင်း၊ မသင်္ကာသူများကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ငွေကြေးအတင်းအဓမ္မတောင်းခံခြင်းတို့ဖြင့် နာမည်ဆိုးထွက်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးဂိတ်များကို ဒေသခံတော်လှန်ရေး အင်အားစုများကလည်း မကြာခဏ ဝင်ရောက်တိုက်ခိုက်လေ့ရှိသည်။ စစ်ကောင်စီနှင့်ပူးပေါင်းကာ ပြည်သူများအပေါ် အကြမ်းဖက်မှု ကျူးလွန်နေသည့် ပျူစောထီး အဖွဲ့ဝင်များကို တော်လှန်ရေးအဖွဲ့များက ပစ်မှတ်ထား တိုက်ခိုက်လေ့ ရှိသည်။

## ငွေကြေးအတင်းအဓမ္မတောင်းခံခြင်းနှင့် လာဘ်ငွေရယူခြင်း

ခန့်မှန်းခြေ (၉၈) မိုင် ရှည်လျားသည့် မော်လမြိုင်-ရေး အဝေးပြေးလမ်းမကြီးသည် မြန်မာနိုင်ငံတောင်ပိုင်းတွင် "ငွေအတောင်းကြမ်းသည့်" လမ်းပိုင်းတစ်ခု ဖြစ်လာသည်။ စစ်ကောင်စီစစ်ဆေးရေးဂိတ် အနည်းဆုံး (၁၀) ခု ရှိပြီး ခရီးသွားပြည်သူများကို အတင်းအဓမ္မ ငွေကြေး တောင်းခံနေသည်။

မွန်ပြည်နယ်တွင် နေထိုင်သူမဟုတ်ပါက စစ်ဆေးရေး ဂိတ်များတွင် တစ်ဦးလျှင် ငွေကျပ် (၁၀,၀၀၀) အထိ ပေးဆောင်နေရသည်။ နောက်ပိုင်းတွင် ငွေကျပ် (၂၀,၀၀၀) နီးပါးအထိ ပေးဆောင်လာ ရကြောင်း ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများက ပြောသည်။

စစ်ဆေးရေးဂိတ်တစ်ခုလျှင် (၁,၀၀၀) ကျပ်နှုန်းဖြင့် ပေးဆောင်နေရပြီး တချို့စစ်ဆေးရေးဂိတ်က ကျပ် (၂,၀၀၀) အထိ တောင်းခံနေသည်။ စုစုပေါင်း စစ်ဆေးရေးဂိတ် (၁၂) ခု ရှိသည်။ ရန်ကုန်မှ ရေးသို့ ထွက်ခွာမည့်ယာဉ် ဖြစ်ပါက ရေးမြို့သို့ ညနေ (၆) နာရီမတိုင်ခင် ရောက်ရှိရမည်ဖြစ်ရာ ဂိတ်ကြေးများကို ခရီးသည်များထံမှ ကြိုတင် တောင်းခံထားသည်။

နယ်ခံမဟုတ်ပါက စစ်ဆေးရေးဂိတ်တစ်ခုလျှင် (၂,၀၀၀) ကျပ်မှ (၁၀,၀၀၀) ကျပ်အထိ ပေးဆောင်နေရသည်။ ဂိတ်ကြေးမပေးပါက အောက်ဆင်းခိုင်းပြီး စစ်ဆေးမေးမြန်းသည်။ တချို့ဂိတ်များသည် မည်သူမည်ဝါဖြစ်သည် မည်သည့်အကြောင်းကြောင့် ခရီးထွက်လာရသည်ကို ဂရုမစိုက်ဘဲ ငွေကြေးတောင်းခံလျက်ရှိသည်။

"ဒီလမ်းပိုင်းကတော့ မြန်မာနိုင်ငံတောင်ပိုင်းမှာ ငွေအတောင်းကြမ်းဆုံးလမ်းပိုင်းပဲ" ဟု ရန်ကုန်-ရေး ခရီးသည်ပို့ဆောင်နေသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

(၅၇) မိုင်ရှည်လျားသည့် သံဖြူဇရပ်-ရေးကားလမ်း ပိုင်းတွင် အခြေအနေများ ပိုမိုဆိုးရွားလာ ခြင်းအတွက် ဒေသခံပြည်သူများက စိတ်ပျက်နေသည်။ မွန်ပြည်နယ်မှ နယ်ခံများပင် ငွေကြေးပေးဆောင်နေရကြောင်း ခရီးသွားများက ပြောသည်။ တစ်ဦးလျှင် ကျပ် (၁၀,၀၀၀) နီးပါး ပေးဆောင်နေရသည်။ ၎င်းပြင် သေနတ်ပြ၍ ခြိမ်းခြောက်ခြင်းများကိုလည်း စစ်ဆေးရေး ဂိတ်များတွင် ကြုံတွေ့ခဲ့ကြသည်။

"သံဖြူဇရပ်က စစ်ကောင်စီစစ်ဆေးရေးဂိတ်တစ်ခုက သက်ကြီးပိုင်းစစ်သားတစ်ယောက် ဘာလို့ငွေတွေ တောင်းနေရတာလဲလို့ မေးတော့ သူတို့က ရခိုင်တောင်ပိုင်းတပ်မကနေ လာပြီး တာဝန်ထမ်းဆောင်နေရတာတဲ့။ သူတို့အသုံးစရိတ်တွေ စားစရိတ်တွေအတွက် ငွေကောက်နေ တာတဲ့။ ဒါကြောင့် အလှူငွေထည့်ဖို့ ပြောရတာပါတဲ့။ တခြားစစ်ဆေးရေးဂိတ်တွေဆိုလည်း ကားတွေကို တားပြီး ခရီးသည်တစ်ယောက်ကို (၂,၀၀၀) လောက် တောင်းနေတာပဲ။ ဒီလမ်းပိုင်းမှာ တော်လှန်ရေးတပ်ဖွဲ့တွေလည်း လှုပ်ရှားနေတာပဲ။ ဒါပေမဲ့ သူတို့က ငွေမတောင်းဘူး" ဟု ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

စစ်ဆေးရေးဂိတ်များက ငွေတောင်းသည်ကို အကြောင်းပြ၍ ကိုယ်ကျိုးရှာသူများလည်း ရှိလာကြောင်း ခရီးသွားများက ပြောသည်။

"တချို့ကားဆရာတွေက မရှိတဲ့ဂိတ်အတွက်ပါ ငွေကြိုတောင်းပြီး သူတို့အိတ်ကပ်ထဲ ထည့်တာ။ ခရီးသွားတွေကတော့ ဘာပြောလို့ရမှာလဲ၊ ပေးရတာပဲပေါ့" ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်တွင် မော်လမြိုင်-ရေးကားလမ်းပေါ်ရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်တချို့သည် တော်လှန်ရေး တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကို ခံရသဖြင့် ပိတ်သိမ်းသွားခဲ့

သည်။ သို့သော် နောက်ပိုင်းတွင် စစ်ကောင်စီက အင်အား ပြန်လည်ဖြည့်တင်းလာပြီး စစ်ဆေးရေးဂိတ်များ ပိုမိုဖွင့် လှစ်လာသည်။ ခရီးသွားပြည်သူများမှာ ပို၍ဒုက္ခရောက် လာသည်။

အထက်ပါကျူးလွန်မှုများကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီသည် ပြည်သူများအပေါ် နည်းစနစ်ကျကျ အမြတ်ထုတ်နေပြီး ပြည်သူများမှာ ငွေကြေးအခက်အခဲ နှင့် အကြောက်တရားများ ဖြစ်ပေါ်နေရသည်။ မော်လ မြိုင်-ရေးကားလမ်းပိုင်းသည် မြန်မာနိုင်ငံတောင်ပိုင်း ရှိ ဒေသခံ ပြည်သူများ ဆိုးရွားစွာဖိနှိပ်ခံနေရမှု၏ ဥပမာ တစ်ရပ်ပင် ဖြစ်သည်။

ဂိတ်စခန်းများတွင် ငွေတောင်းခြင်းသည် စစ်ကောင်စီ တပ်သားများ၏ အကျင့်ပျက်ခြစားမှု များအနက်မှ တစ်ခုဖြစ်သည်။ ပေါင်မြို့နယ်မှ စစ်ကောင်စီခန့် အုပ်ချုပ် ရေးမှူးများသည် စစ်မှုထမ်းငှားရမ်းရန်အတွက်ဟုဆိုကာ ဒေသခံများထံမှ ငွေကြေးကောက်ခံနေသည်။

နိုဝင်ဘာလမှစ၍ ဒေသခံအုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် လှည့်လွတ်၍ အပတ်စဉ် (၇) စစ်မှုထမ်း အတွက်ဟုဆိုကာ တစ်အိမ်လျှင် (၅,၀၀၀) ကျပ်မှ (၁၀,၀၀၀) ကျပ်အထိ ကောက်ခံနေသည်။

ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် တစ်အိမ်လျှင် ငွေကျပ် (၃၀,၀၀၀) မှ (၁၀၀,၀၀၀) အထိ တောင်းခံရမှုများလည်း ရှိလာသည်။

အုပ်ချုပ်ရေးမှူးများကိုယ်တိုင်က ငွေကြေးကောက်ခံနေ ခြင်းမျိုး မဟုတ်ဘဲ ဆယ်အိမ်ခေါင်းများ၊ မီးသတ်အဖွဲ့ ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် များက အရပ်ဝတ်ဖြင့် ငွေကြေးများကို ကိုယ်စားလိုက်လံ ကောက်ခံနေခြင်း ဖြစ်သည်။

"လုံခြုံရေးဆိုပြီး အရပ်ဝတ်နဲ့ လူ (၁၀) ယောက်လောက် ရှိတယ်။ အားလုံးက အရပ်ဝတ်နဲ့၊ လက်ထဲမှာလည်း စာအုပ်နဲ့ လိုက်မှတ်နေတယ်။ အိမ်ခြေ (၅၀၀) လောက် ကို စာရင်းမှတ်နေတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ မတ်လမှစ၍ စစ်ကောင်စီက စစ်မှုမထမ်းမနေ ရစနစ်ကို အကောင်အထည်ဖော်ခဲ့ ပြီးနောက်ပိုင်း ပေါင်မြို့နယ်မှ အာဏာပိုင်များသည် စစ်မှုထမ်း သင်တန်းသားများကို ထောက်ပံ့ရန် ဟုဆိုကာ ငွေကြေး ကောက်ခံလာသည်။

နောက်ဖွင့်လှစ်မည့် အပတ်စဉ် (၇) သည် မြန်မာတ နိုင်ငံလုံးတွင် ဒီဇင်ဘာလ၌ စတင်မည်ဖြစ်သည်။ ယခင် အပတ်စဉ်များတွင် လူစားထိုးတစ်ဦးလျှင် ငွေကျပ်သိန်း (၃၀) မှ သိန်း (၅၀) အထိ ဈေးပေါက်ခဲ့ပြီး လူစားထိုး အများစုမှာ ရွှေ့ပြောင်းလုပ်သားများ ဖြစ်သည်။

သို့သော် စစ်မှုထမ်းသင်တန်းဆင်းများသည် ရှေ့တန်းသို့ အပို့ခံရပြီး သေဆုံးမှုများ ရှိလာပြီးနောက်ပိုင်း လူစားထိုး လုပ်လိုသူများ ရှားပါးလာသည်။

မော်လမြိုင်တွင် စစ်မှုထမ်းရန်အတွက် လူစုပေးနေသည့် အုပ်ချုပ်ရေးမှူးများသည် ဆန့်ကျင်မှုများနှင့် ကြုံတွေ့ လာသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးသည် ကျည်ဆန်တစ်တောင့်နှင့် ခြိမ်းခြောက်စာကို လက်ခံရရှိ ခဲ့သည်။ နောက်ပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များကို အကာအကွယ်ယူ၍ သွားလာနေသည်။

အောက်တိုဘာလ (၁၀) ရက်နေ့တွင် ငွေကြေးကောက်ခံ နေသူ မော်လမြိုင်မှ အုပ်ချုပ်ရေးမှူးတစ်ဦးကို အလားတူ ပင် ကျည်ဆန်တစ်တောင့်နှင့် ခြိမ်းခြောက်စာများ ပေးပို့ခဲ့ သည်။

စက်တင်ဘာလ (၁၁) ရက်နေ့တွင် မော်လမြိုင်ခရိုင် ပြည် သူ့ကာကွယ်ရေးတပ်ဖွဲ့က ငွေကြေးကောက်ခံနေသည့် မောင်ငံအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်ကို သတိပေးပြီး နောက် အထက်ပါခြိမ်းခြောက်မှုများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

## နိုဝင်ဘာလ ၂၀၂၄

အောက်တိုဘာလ (၁၆) ရက်နေ့တွင် စစ်ကောင်စီခန့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အပတ်စဉ် (၆) စစ်မှုထမ်းသင်တန်းသားများကို အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ အမှတ် (၆) တပ်မတော်ပညာရေးကျောင်း တွင် တွေ့ဆုံခဲ့ပြီး ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့ သည်။ စစ်ကောင်စီက တရားဝင်သတင်းထုတ်ပြန်ခြင်း မရှိ သော်လည်း ထွက်ပေါ်လာသည့်ဓာတ်ပုံများအရ စစ်မှုထမ်း အပတ်စဉ် (၆) တွင် သင်တန်းသားဦးရေ (၁၀၀) ခန့်ရှိ ကြောင်း ခန့်မှန်းရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပူးပေါင်း ပြီး စစ်မှုထမ်းအပတ်စဉ် (၇) အတွက် လိုအပ်သည့် သင်တန်းသားအရေအတွက် ပြည့်မီအောင် နည်းမျိုးစုံဖြင့် ကြိုးစားလာသည်။

တခြားဒေသမှ ရွှေ့ပြောင်းလုပ်သားများကို မွန်ပြည်နယ် မှတ်ပုံတင်အတုများ ထုတ်ပေးပြီး စစ်မှုထမ်းအပတ်စဉ် များတွင် မွန်ပြည်နယ်ကို ကိုယ်စားပြုခိုင်းကြောင်း မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ ဝင်များက တွေ့ရှိထားသည်။

ရပ်ကျေးအုပ်ချုပ်ရေးမှူးများကလည်း သက်သေခံ လက်မှတ်အတုများကို ဖောဖောသီသီထုတ်ပေး နေကြောင်း ဒေသခံများက ပြောသည်။

မွန်ပြည်နယ်တွင် အလုပ်လုပ်နေသည့် နေ့စားရွှေ့ပြောင်း လုပ်သားများသည် မွန်ပြည်နယ် ကိုယ်စားပြုအဖြစ် စစ်သင်တန်းများ တက်ရောက်ရန် စည်းရုံးသိမ်းသွင်းခံ သို့မဟုတ် ခြိမ်းခြောက်ခံခဲ့ရသည်။ စစ်ကောင်စီက ဆန့်ကျင် ရန် ခက်ခဲခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် ရွှေ့ပြောင်း လုပ်သားများသည် ပစ်မှတ်ထားခံနေရသည်။ အိမ်ထောင်စု ဇယားနှင့် ပညာအရည်အချင်းအထောက်အထားများ အတုလုပ်ကာ စစ်သင်တန်းသို့ ပို့ဆောင်ခဲ့ကြသည်။

သင်တန်းသားစုဆောင်းပေးနေရသည့် အုပ်ချုပ်ရေး မှူးတစ်ဦးက "စစ်မှုထမ်းစာရင်းကို တစ်ရွာပြီးတစ် ရွာ လိုက်ကောက်တယ်။ နယ်ခံတွေက ဦးစားပေးပေါ့။ ဒါပေမဲ့ လိုအပ်တဲ့လူအရေအတွက် မရဘူးဆိုရင်တော့ အိမ်ထောင်စုဇယားတွေ မှတ်ပုံတင်တွေနဲ့ သက်သေခံ တွေကို အတုလုပ်ယူတယ်။ လဝက,ကလူတွေနဲ့ ပေါင်း ပြီးတော့ တရားဝင်ဖြစ်အောင် လုပ်ယူတယ်ပေါ့။ ဒါမျိုး က မုဒုံ၊ ချောင်းဆုံနဲ့ နေရာတိုင်းမှာ ဖြစ်နေတာပဲ" ဟု ပြောသည်။

စစ်မှုထမ်းသင်တန်းတက်ရောက်လိုသူ နည်းပါးလာသည် နှင့်အမျှ သင်တန်းသားစုဆောင်းရာတွင် စစ်ကောင်စီက ပိုမိုကြမ်းတမ်းလာသည်။

ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးမည်ဟူသော မက်လုံးဖြင့်လည်းကောင်း၊ လူငယ် လူရွယ်များကို ငွေကြေးမက်လုံးဖြင့်လည်းကောင်း စည်းရုံးသိမ်းသွင်းပြီး သင်တန်းသား အဖြစ် စုဆောင်း ကြသည်။ မွန်ပြည်နယ်မှ နယ်ခံမဟုတ်သည့် ရွှေ့ပြောင်း လုပ်သားများကိုပင် ပစ်မှတ်ထားစုဆောင်းလာသည်။

စစ်ကောင်စီက သင်တန်းသားရရှိရန်အတွက် ငွေကြေးကို အလွန်အကျွံသုံးစွဲလာပြီး သင်တန်းသားတစ်ဦးအတွက် ငွေကျပ်သိန်း (၅၀) မှ (၆၀) အထိ သုံးစွဲလာသည်။

အခြားပြည်နယ်တိုင်းမှ ရွှေ့ပြောင်းလုပ်သားများ အများစု သည် ဗမာလူမျိုးများ ဖြစ်ကြပြီး ၎င်းတို့ကို မွန်ပြည်နယ် မှတ်ပုံတင် ထုတ်ပေးကာ စစ်မှုထမ်းစေသည်။

အဆိုပါဖြစ်စဉ်သည် ရေရှည်တွင် မွန်ပြည်နယ်၌ ပထဝီ နိုင်ငံရေးအရ အကျိုးသက်ရောက်မှုများ ဖြစ်လာမည်မှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ ဗမာလူမျိုးကြီးဝါဒကို အသက် သွင်းခြင်းနှင့် မွန်လူမျိုးတို့၏ ကိုယ်ပိုင်လက္ခဏာများကို ဖျောက်ဖျက်ခြင်းများ ဖြစ်လာမည်ဖြစ်သည်။

စစ်မှုထမ်းသင်တန်းသားစုဆောင်းခြင်းတွင် ပါဝင်နေ သူတစ်ဦးက "သင်တန်းသားစုဆောင်းတဲ့ ကိစ္စကိုတော့

## နိုဝင်ဘာလ ၂၀၂၄

စစ်တပ်က တပ်သားသစ်စုဆောင်းရေးကော်မတီက တိုက်ရိုက်ကြီးကြပ်နေတယ်။ ဒီလိုမျိုး အမြတ်ထုတ်နေတဲ့ ကိစ္စတွေကို သူတို့က မမြင်ချင်ယောင်ဆောင်ထားတယ်။ ပိုက်ဆံပေးငှားထားတဲ့ လူစားထိုးသူတွေကိုလည်း ပြည်သူတွေဆီကနေကောက်ထားတဲ့ ပိုက်ဆံနဲ့ပဲ ထောက်ပံ့နေတာလေ" ဟု ပြောသည်။

စစ်မှုထမ်းသင်တန်းသားများကို အသည်းအသန်စုဆောင်းနေသည်ကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီက ၎င်းတို့လိုအပ်သည့် စစ်မှုထမ်းအရေအတွက်ကို မရမကစုဆောင်းမည်ဖြစ်ကြောင်း သိသာနေသည်။ စစ်မှုထမ်းသင်တန်းသားကို နည်းမျိုးစုံဖြင့် စုဆောင်းလာခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေသည့်အပြင် ပြည်သူများအကြားတွင်လည်း ကြောက်ရွံ့ ထိတ်လန့်မှုနှင့် မယုံကြည်မှုများ ဖြစ်ပွားနေသည်။ ၎င်းပြင် ဒေသတွင်းမတည်ငြိမ်မှုများလည်း ဖြစ်ပေါ်နေသည်။

သင်တန်းသားစုဆောင်းသည့်နည်းလမ်းသည် ဆင်းရဲနွမ်းပါးသူများကို ဆက်လက်ဖိနှိပ်နေမည် ဖြစ်ကြောင်း မွန်ပြည်နယ်မှဒေသခံများက စိုးရိမ်နေသည်။ ကာလကြာရှည်လာပါက ပထဝီနိုင်ငံရေး အခြေအနေပါ သိသိသာသာပြောင်းလဲလာမည်ကို စိုးရိမ်နေကြသည်။

အတင်းအဓမ္မစုဆောင်းခံရသည့် စစ်သားအချို့သည် စစ်တပ်မှထွက်ပြေးလာကြသည်။ နိုဝင်ဘာလ အစောပိုင်းတွင် စစ်တပ်အတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရသည့် ရေတပ်အရာရှိအပါအဝင် စစ်သား (၆) ဦးသည် စစ်တပ်မှ ထွက်ပြေးကာ တနင်္သာရီဒေသတွင် လှုပ်ရှားနေသည့် ဒေါနစစ်ကြောင်းလက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထံသို့ ခိုလှုံလာသည်။

တပ်ပြေးများတွင် ရေဖြူမြို့နယ် ကံပေါက်အခြေစိုက် အမှတ် (၂၇၃) ခြေမြန်တပ်ရင်းမှ စစ်သား (၅) ဦး ပါဝင်သည်။ ရေတပ်စခန်းဌာနချုပ်မှ အရာရှိ (၁) ဦးလည်း ပါဝင်ကြောင်း ဒေါနစစ်ကြောင်းက အတည်ပြုသည်။

"ထွက်ပြေးလာတဲ့သူ (၆) ယောက်က စစ်တပ်ထဲကို ကိုယ့်သဘောနဲ့ကိုယ် ဝင်သွားတာမဟုတ်ဘူး။ အဓမ္မစုဆောင်းခံရပြီးတော့ စစ်သင်တန်းမှာ ပြင်းပြင်းထန်ထန် လုပ်ခဲ့ရတာ။ ရေတပ်အရာရှိကတော့ စစ်မှုထမ်းသက် (၃) နှစ် ရှိနေပြီ။ စစ်သားတွေကတော့ စစ်မှုထမ်းအပတ်စဉ် (၁) နဲ့ (၂) က တပ်သားသစ်တွေ။ သူတို့က စစ်တပ်ထဲမှာ မနေချင်ဘူး၊ ဒါပေမဲ့ အရင်အခြေအနေအရ ထွက်ပြေးဖို့ အခွင့်အလမ်းမရှိခဲ့ဘူး။ နောက်ဆုံးတော့ ထွက်ပြေးဖို့ အခွင့်အလမ်းရပြီးတော့ ကျွန်တော်တို့ဆီကို အကူအညီတောင်းတာ" ဟု ဒေါနစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးရန်နိုင်က ပြောသည်။

ရေတပ်အရာရှိက MA1 ရိုင်ဖယ် (၁) လက်၊ သေနတ် (၃) လက်နှင့် ကျည်ဆန် (၁၆၁) တောင့် ယူဆောင်လာခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့များက ၎င်းတို့ကို လုပ်ထုံးလုပ်နည်းအတိုင်း ဆုကြေးငွေများ ထုတ်ပေးခဲ့သည်။

ပြီးခဲ့သည့်ဩဂုတ်လတွင်လည်း အဓမ္မစုဆောင်းခံရသည့် စစ်မှုထမ်းသင်တန်းသား (၁) ဦးသည် မြိတ်ခရိုင် အမှတ် (၁) ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထံသို့ ပြောင်းရွှေ့ခိုလှုံခဲ့သည်။

စစ်ကောင်စီတပ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းသင်တန်းဆင်းများ အထူးသဖြင့် စစ်တပ်အတွင်းသို့ အဓမ္မသွတ်သွင်းခံရသူများအနေဖြင့် စစ်တပ်ကို စွန့်ခွာပြီး တော်လှန်ရေး တပ်ဖွဲ့များနှင့် ဆက်သွယ်ကာ အလင်းဝင်ကြရန် ဒေါနစစ်ကြောင်းက တိုက်တွန်းပြောဆိုထားသည်။

### နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရခြင်း

စစ်ကောင်စီတပ်က စစ်ကြောင်းထိုးခြင်းကို နေ့စဉ်ရက်ဆက်လုပ်ဆောင်လာခြင်းကြောင့် ဒေသခံပြည်သူတို့၏နေ့စဉ်ဘဝသည် အခက်အခဲများနှင့် စိန်ခေါ်မှုများ ပြည့်နှက်လာသည်။ စစ်ကောင်စီကြောင့် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်း ဖြစ်ပေါ်နေပြီး တိုက်ပွဲများကလည်း ကာလကြာရှည်စွာ ဖြစ်ပွားနေသည်။

## နိုဝင်ဘာလ ၂၀၂၄

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် စစ်ကြောင်းထိုးနေခြင်းတို့ကြောင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ ဒေသခံပြည်သူ (၅,၀၀၀) ကျော်သည် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရကြောင်း ဒေသခံများနှင့် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ပြောသည်။

အောက်တိုဘာလ (၃၀) ရက်နေ့တွင် အင်အား (၁၂၀) ပါ စစ်ကောင်စီစစ်ကြောင်းက ဝင်းကလောနှင့် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စုကို စစ်ကြောင်းထိုးလာသည်။ အဆိုပါ စစ်ကြောင်းထိုးမှုကြောင့် အောက်တိုဘာလ (၃၁) ရက်နေ့မှ နိုဝင်ဘာလ (၄) ရက်နေ့အတွင်း တော်လှန်ရေးအင်အားစုများနှင့် ထိတွေ့မှု (၁၀) ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။

စစ်ရေးပဋိပက္ခက ပိုမိုဆိုးရွားလာသဖြင့် ဝင်းကလော၊ ကျောက်ဖျာနှင့် ပျဉ်းကတိုးကုန်း ကျေးရွာအုပ်စုရှိ ကျေးရွာ (၁၇) ရွာမှ ဒေသခံပြည်သူ (၅,၅၂၂) ဦးသည် ဘေးလွတ်ရာသို့ ရှောင်တိမ်းခဲ့ရသည်။

"စစ်ကြောင်းဝင်လာတာနဲ့ ရွာသားတွေက ရှောင်နေကြပြီ။ စစ်ကြောင်းပြန်ထွက်ချိန်မှာ အများစုက ပြန်လာကြပေမဲ့ တချို့က ပြန်မလာကြသေးဘူး" ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ပဒိုစောအေးနိုင်က ပြောသည်။

ကျိုက်ထိုကရင်အမျိုးသားအစည်းအရုံးက ဒေသတွင်းကွန်ရက်များနှင့် ပူးပေါင်းကာ စစ်ဘေးရှောင်ပြည်သူများကို အမိုးအကာ၊ အစားအစာနှင့် ဆေးဝါးများ ကူညီထောက်ပံ့ ပေးနေသည်။ စစ်ကြောင်းထိုးနေစဉ်အတွင်း စစ်ကောင်စီတပ်က ဝင်းကလောကျေးရွာအုပ်စုမှ အလုပ်သမား (၈) ဦးကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ဖမ်းဆီးထားသူများကို စစ်ကြောင်းပြန်လည်ထွက်ခွာချိန် နိုဝင်ဘာလ (၄) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည့် သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းတလျှောက်တွင်လည်း ထိတွေ့မှုများ ပြင်းထန်နေပြီး ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရသည်။

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသဖြင့် စစ်ရှောင်ပြည်သူအများစုသည် နေရပ်မပြန်နိုင်သေးချေ။

နိုဝင်ဘာလ (၅) ရက်နေ့တွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၄,၀၀၀) ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ တိုက်ပွဲဆက်လက်ဖြစ်ပွားနေသဖြင့် စစ်ဘေးပြည်သူ ဦးရေလည်း ဆက်လက်မြင့်တက်လာသည်။

တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲပြင်းထန်နေသဖြင့် ကားလမ်းတလျှောက်ရှိ ရဲတံခွန်၊ ဇီးနှစ်ပင်နှင့် ဦးခွေး-ဒေါ်ယိမ်းကျေးရွာများမှာ ရွာလုံးကျွတ် ထွက်ပြေးနေရသည်။

နိုဝင်ဘာလ (၈) ရက်နေ့တွင် စစ်ကောင်စီတပ်က ကျေးရွာအများအပြားမှ ဒေသခံပြည်သူများကို တိမ်းရှောင်ကြရန် ညွှန်ကြားလိုက်သဖြင့် စစ်ဘေးရှောင်ပြည်သူဦးရေ အများအပြားမြင့်တက် လာသည်။

"ဇီးနှစ်ပင်နဲ့ ဖနော်ဟဲကျေးရွာဘက်မှာ တိုက်ပွဲတွေ နေ့တိုင်းဖြစ်နေတယ်။ ရွာသား တစ်ထောင်လောက်က ရဲတံခွန်နဲ့ လမ်းမကြီးနားကနေရာတွေမှာ စစ်ရှောင်နေရတယ်။ လက်နက်ကြီးတွေက မိုးရွာသလို ပစ်နေတော့ ရွာသားတွေလည်း ကြောက်ကြောက်လန့်လန့်နဲ့ ပုန်းနေရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းတလျှောက်ရှိ ဒေသခံပြည်သူများသည် တိုက်ပွဲများ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသဖြင့် မကြာခဏစစ်ဘေးရှောင်နေရသည်။

ဩဂုတ်လတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မဟာမိတ်တပ်ဖွဲ့များက အရှေ့တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ အနန်းကွင်းဗျူဟာကုန်းကို ဝင်ရောက်တိုက်ခိုက် ခဲ့သည်။ တိုက်ပွဲပြင်းထန်

## နိုဝင်ဘာလ ၂၀၂၄

ခဲ့ပြီး စစ်ကောင်စီတပ်သားများက ဖနော်ဟဲနှင့် ရဲတံခွန်အနီးအနားကို ဝင်ရောက်လှုပ်ရှားလာသည့်အပြင် ဝဲကလိအခြေစိုက်အမြောက်တပ်ကလည်း လက်နက်ကြီးပစ်ကူပေးနေသည်။

တော်လှန်ရေးအင်အားစုများနှင့်နီးစပ်သည့် အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုက "စစ်ကောင်စီတပ်သားတွေက ဖနော်ဟဲမှာ ပိတ်မိနေတော့ ဝဲကလိအမြောက်တပ်ကလည်း လက်နက်ကြီးနဲ့ ပစ်ကူပေးနေတယ်။ စစ်ကောင်စီကလည်း အင်အားဖြည့်တင်းနေတော့ တိုက်ပွဲက ဆက်လက်ပြင်းထန်နေဦးမယ်လို့ ထင်တယ်" ဟု ပြောသည်။

စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုသာမက ဒရုန်းများကို အသုံးပြု၍လည်း ဗုံးသီးများ ကြဲချတိုက်ခိုက်နေသည်။ ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေး လိုင်းများကိုလည်း ဖြတ်တောက်ထားသဖြင့် ပဋိပက္ခနယ်မြေတွင် ဆက်သွယ်ရေး ခက်ခဲလျက်ရှိသည်။

နိုဝင်ဘာလ (၄) ရက်နေ့မှစ၍ ရေးမြို့နယ်မှ စစ်ကောင်စီတပ်သားများသည် ရေး-သံဖြူဇရပ်ကားလမ်းအတိုင်း ချီတက်လာပြီး အနန်းကွင်းဗျူဟာကုန်းကို စစ်ကူလာနေသည်။ ဒေသခံပြည်သူများသည် လုံခြုံရေးအတွက် စိုးရိမ်ပူပန်နေရပြီး ကားလမ်းတလျှောက် ခရီးသွားခြင်းကို ရှောင်ရှားကာ ဘေးလွတ်ရာတွင် ပုန်းအောင်းနေကြသည်။

"သံဖြူဇရပ်-ရေးကားလမ်းမှာ ခရီးသွားဖို့ကို လူတွေက ကြောက်နေကြပြီ။ တိုက်ပွဲလည်း ပြင်းထန်နေသလို ရေးဘက်ကလည်း စစ်ကူတွေ တက်လာနေတယ်" ဟု မော့ကနင်ရွာသားတစ်ဦးက ပြောသည်။

သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းသည် ထိုင်း-မြန်မာ ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်ပြီး ယခင်က ကုန်စည်ကူးသန်းမှုများပြားသည့် လမ်းကြောင်း ဖြစ်သည်။

ယခင်လများတွင် အဆိုပါလမ်းကြောင်းတလျှောက်ရှိ စစ်ကောင်စီစစ်စခန်းများကို ကရင် လက်နက်ကိုင်အဖွဲ့အစည်းများက သိမ်းပိုက်ခဲ့သည်။ ပဋိပက္ခနယ်မြေ၏ ဗဟိုချက်ဖြစ်သည့် အနန်းကွင်းဗျူဟာကုန်းကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းနေသည်။

တိုက်ပွဲများဆက်လက်ပြင်းထန်နေသည်နှင့်အမျှ ကားလမ်းတလျှောက်ရှိ ဒေသခံပြည်သူများ သည်လည်း ကာလကြာရှည် စစ်ဘေးရှောင်နေရသည်။ တိုက်ပွဲပြီးဆုံးမည့် အရိပ်အယောင် မရှိသဖြင့် လုံခြုံမှုကင်းမဲ့သည့်ဘဝတွင် ဆက်လက်နေထိုင်နေကြရသည်။

ကရင်နှင့် မွန်ပြည်နယ်တွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသဖြင့် မော်လမြိုင်စသည့် မြို့ကြီးများသို့ ပြောင်းရွှေ့သွားသူများ သိသိသာသာ များပြားလာကြောင်း ဒေသခံများနှင့် အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

ယခုနှစ်တွင် နေအိမ် သို့မဟုတ် မြေကွက် ဝယ်ယူသူများ သိသိသာသာများပြားလာသကဲ့သို့ ယခင်နှစ်ထက်စာပါက အိမ်ငှားရမ်းနေထိုင်သူများလည်း ပိုမိုများပြားလာသည်။

အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက "ဝယ်တာထက် ငှားတာကို ပိုစိတ်ဝင်စားလာကြတယ်။ အိမ်ဈေး တိုက်ခန်းဈေးတွေက ချက်ချင်းမြင့်တက်လာတယ်။ ငှားလို့ရရင် အကုန်ငှားကြတယ်။ အခန်းဖြစ်ဖြစ် တိုက်ခန်းဖြစ်ဖြစ် ဘာရရ ငှားကြတယ်" ဟု ပြောသည်။

မွန်နှင့် ကရင်ပြည်နယ်ရှိ စစ်ရေးပဋိပက္ခဒေသများမှ စစ်ဘေးရှောင်များသည် မြို့ပေါ်သို့ ပြောင်းရွှေ့လာကြသဖြင့် မော်လမြိုင်ရှိ ငှားရမ်းမည့်အိမ်များ၊ အခန်းများသည် အကုန်ပြည့်နေပြီ ဖြစ်သည်။

## နိုဝင်ဘာလ ၂၀၂၄

အောက်တိုဘာလတွင် စစ်ကောင်စီတပ်သားများက ဂျိုင်းမြစ်ဝှမ်းဒေသတွင် ဝင်ရောက်လှုပ်ရှား လာသဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ ဒေသခံပြည်သူများက စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်။

စက်တင်ဘာလ (၃၀) ရက်နေ့မှ နိုဝင်ဘာလ (၁၃) ရက်နေ့အတွင်း ဂျိုင်းမြစ်ဝှမ်းဒေသရှိ ကော့ဘိန်း၊ မင်းရွာနှင့် ဓမ္မသတ်ကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် တောက်လျှောက်ပစ်ခတ် နေပြီး စစ်အင်အားများ ဖြည့်တင်းနေသည်။

ဓမ္မသတ်ကျေးရွာတွင် စစ်အင်အား (၃၀၀) ကျော်အပြင် တင့်ကားနှင့် ဒရုန်းများကိုပါ ဖြည့်တင်းပြီး စစ်ရေးပြင်ဆင်နေသည်။ ပြီးခဲ့သည့် မတ်လ (၂၇) ရက်နေ့တွင် စစ်ကောင်စီ၏ ကြည်းရေလေ တိုက်ခိုက်မှုကြောင့် ဓမ္မသတ်ကျေးရွာသည် စစ်မြေပြင်ဖြစ်ခဲ့ပြီး ကော့ဘိန်းကျေးရွာမှ နေအိမ်အလုံး (၃၀၀) ကျော်နှင့် ဓမ္မသတ်ကျေးရွာမှ နေအိမ်အလုံး (၈၀) နီးပါး ထိခိုက်ပျက်စီးခဲ့သည်။


ပဋိပက္ခက ဆက်လက်ပြင်းထန်နေသဖြင့် ဒေသခံပြည်သူထောင်ချီ အိုးအိမ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရပြီး မော်လမြိုင်ကဲ့သို့သော မြို့ကြီးများတွင် နေအိမ်ငှားရမ်းဝယ်ယူမှုများ ပိုမိုမြင့်တက်လာသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ နိုဝင်ဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၀၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၆၈) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၇၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၉) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၄ နိုဝင်ဘာလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

နိုဝင်ဘာလ ၂၀၂၄




**7+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# 7

## ၂၀၂၄ နိုဝင်ဘာလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 4 | 2 | 1 |
| --- | --- | --- |
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၃၄,၀၀၀ +

**စီမံကိန်းဇရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 9+ | 2+ | 10+ |
| --- | --- | --- |
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနပျောက် လိုက်သည့် ပြည်သူများဦးရေ |

# 30+

မွန်နှင့်တနင်္သာရီဒေသတွင် အတင်းအဓမ္မငွေကြေးပေးဆောင်ရမှု (၃၀) ကျော်
ဖြစ်ပွားခဲ့သည်။

# 260+

စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှု၊ ဒရုန်းဖြင့်
ဗုံးကြဲတိုက်ခိုက်မှုတို့ကြောင့် ပျက်စီးခဲ့သည့်
လူနေအိမ်အရေအတွက်



# 50+

ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်အရှေ့ပိုင်းနှင့် တနင်္သာရီတောင်ပိုင်းတို့တွင်
စစ်ကောင်စီက ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

# 60+

စစ်ကောင်စီတပ်များက သန်းခေါင်စာရင်းကောက်ခံစဉ်နှင့် စစ်ကြောင်းထိုးစဉ်အတွင်း
ဒေသခံပြည်သူများပိုင်ဆိုင်သည့် မော်တော်ယာဉ်အစီး (၆၀) ကျော်ကို အသုံးပြုစေခိုင်းခဲ့သည်။

# 180 +

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာအတွင်းရှိ စစ်ကောင်စီတပ်ရင်းများက
ကျူးလွန်ခဲ့သည့် ငွေကြေးအတင်းအဓမ္မတောင်းခံခြင်းဖြစ်စဉ်အရေအတွက်

## ကရင်ပြည်နယ်

- IDP ၂၂,၀၀၀+ ဦးခန့်တိုးမြှင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၂၈ ဦးခန့်
- သေဆုံးသူ ၉ ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

နိုဝင်ဘာလ (၂) ရက်နေ့ မနက်တွင် စစ်ကောင်စီတပ်က မွန်နှင့်ကရင်ပြည်နယ်,နယ်စပ် သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းပေါ်ရှိ အနန်းကွင်းကျေးရွာကို လက်နက်ကြီး အလုံး (၂၀) ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ညနေ (၃) နာရီအထိ ဆက်တိုက်ပစ်ခတ်နေသဖြင့် မြေကြီးများပင် တုန်ခါနေသည်။ ဒေသခံပြည်သူများမှာ ကြောက်ရွံ့ထိတ်လန့်နေကြသည်။

သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းက တိုက်ပွဲရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အနန်းကွင်းနှင့် အနီးအနားကျေးရွာများကို ပစ်မှတ်ထားပြီး တိုက်ခိုက်နေသည်။

အနန်းကွင်းကျေးရွာတဝိုက်တွင် တိုက်ပွဲပြင်းထန်နေပြီး သင်္ကော၊ စခန်းကြီးနှင့် ရဲတံခွန်ကျေးရွာ များတွင်လည်း တိုက်ပွဲများကူးစက်နေသည်။

ပြီးခဲ့သည့်လများတွင် အောက်တိုဘာလ (၂၀) ရက်နေ့မှ (၂၅) ရက်နေ့အထိ အမှတ် (၃၁၅) အမြောက်တပ်ရင်းက လေကြောင်းပစ်ကူနှင့်အတူ ဝဲကလိကျေးရွာတဝိုက် ဟောင်ဝစ်ဇာ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

တောင်ဒီ၊ ခလယ်-တံခွန်တိုင်၊နှင့် ဖာယာအစရှိသည့် ကျေးရွာ (၁၀) ရွာမှ ရာနှင့်ချီသော ဒေသခံပြည်သူများသည် ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဘေးလွတ်ရာခိုလှုံနေရသည်။

ဩဂုတ်လအစောပိုင်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များက အနန်းကွင်းနှင့် လွတ်ရှမ်းကျေးရွာများရှိ စစ်ကောင်စီတပ်စခန်းများကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။

စစ်ကောင်စီ၏ "လက်လွတ်စပယ်" ပြန်လည်တိုက်ခိုက်မှုကြောင့် အနန်းကွင်းကျေးရွာ တစ်ခုလုံးနီးပါး ထိခိုက်ပျက်စီးခဲ့ပြီး လွတ်ရှမ်းကျေးရွာမှ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအဆောက်အဦးများ ထိခိုက်မှုများပြားခဲ့သည်။

အောက်တိုဘာလ တစ်လလုံးတွင် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကို ဆက်တိုက်ပြုလုပ်နေသည့်အပြင် တိုက်ပွဲလည်းဆက်လက်ပြင်းထန်နေသဖြင့် စစ်ဘေးရှောင် ပြည်သူများသည် နေရပ်ပြန်နိုင်ခြင်း မရှိသေးချေ။

## မွန်ပြည်နယ်

- IDP ၈,၅၀၀ + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၂၂ ဦးခန့်
- သေဆုံးသူ ၉ ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

စစ်ကောင်စီက အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် ကလေးသူငယ်များကိုလည်း ချန်လှပ်မထားခဲ့ချေ။ စစ်ကောင်စီ၏ ရမ်းသမ်းတိုက်ခိုက်မှုများကို ကြောက်ရွံ့သဖြင့် လူနေကျေးရွာများတွင် ဗုံးခိုကျင်းများ တူးဖော်လာနေရသည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်ကောင်စီက မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းကျေးရွာကို နိုဝင်ဘာလ (၁၂) ရက်နေ့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးကျည် သည် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းကို ထိမှန်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

နံနက် (၄) နာရီတွင် ရေးမြို့နယ် အာယုတောင်ကျေးရွာအခြေစိုက် အမှတ် (၃၄၃) ခြေမြန်တပ်ရင်းက အနီးအနားကျေးရွာများကို လက်နက်ကြီး (၂) လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ပထမအလုံးသည် ဘုန်းတော်ကြီးကျောင်းအနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ဒုတိယအလုံးသည် စာသင်ကျောင်းဝင်းအတွင်း ပေါက်ကွဲခဲ့သည်။ ပြတင်းပေါက်များနှင့် ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးခဲ့သည်။

ကံကောင်းထောက်မစွာပင် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ ထိခိုက်မှုမရှိ သော်လည်း စာသင်ကျောင်းတွင် ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည်။

၎င်းပြင် ကျောင်းသားမိဘများက ၎င်းတို့သားသမီးများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန် နေကြသည်။ ကျောင်းသားမိဘအများစုက တိုက်ခိုက်မှုထပ်မံဖြစ်ပွားလာမည်ကို စိုးရိမ်သဖြင့် သားသမီးများကို ကျောင်းသို့ စေလွှတ်ခြင်း မပြုတော့ချေ။

ကျုံလောင်းကျေးရွာဟောင်းတွင် “ရေးဘီလူးအဖွဲ့” က လှုပ်ရှားနေပြီး စစ်ကောင်စီက လေယာဉ်ဖြင့် ကင်းထောက်ခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်နေသည်။

ယခုနှစ်အစောပိုင်းကာလ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် အမှတ် (၃၄၃) နှင့် အမှတ် (၅၈၇) ခြေမြန်တပ်ရင်းများက လူနေကျေးရွာများနှင့် ရာဘာခြံများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ အသက် (၁၁) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး လူငယ်တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယနေ့တိုင် ဆေးကုသမှု ခံယူနေရသည်။ ၎င်းပြင် အခြားရွာသား (၁၄) ဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မွန်ပြည်နယ်တွင် မတရားဖမ်းဆီးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပြီး ဒေသတွင်း ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်နေသည်။ အခြေခံလွတ်လပ်ခွင့်များ ဆုံးရှုံးနေသည်။

မော်လမြိုင်မှလူငယ် (၂) ဦးကို စစ်ကောင်စီကို လူမှုကွန်ရက်တွင် ဝေဖန်မှုဖြင့် စစ်တပ်က ဖမ်းဆီးခဲ့သည်။ (၆) မိုင်ကျွဲခြံရပ်ကွက်မှ ကိုရဲထက်နိုင်နှင့် ကိုမင်းထက်နိုင်တို့ကို နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးသည်ဟုဆိုကာ စစ်ကောင်စီက တရားစွဲဆိုခဲ့သည်။

လူမှုကွန်ရက်ပေါ်မှ ၎င်းတို့၏ရေးသားချက်များသည် အခြားသူများကို နိုင်ငံတော်အားဆန့်ကျင်ရန် အားပေးသည်ဟုဆိုကာ နိုဝင်ဘာလ (၂) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး မြိုင်သာယာရဲစခန်းတွင် ပုဒ်မ ၅၀၅(က) သတင်းမှားဖြန့်ဝေခြင်းဖြင့် လူထုကို အကြောက်တရားဖြစ်စေသည့်ပုဒ်မဖြင့် အမှုဖွင့်ခဲ့သည်။

“(၆) မိုင်မှာ စစ်ဆေးနေတဲ့အဖွဲ့က သူတို့ဖုန်းကို စစ်ကြည့်ခဲ့တာ။ အဲမှာ စစ်ကောင်စီကို ဝေဖန်ထားတဲ့ပို့စ်ကို တွေ့သွားတယ်။ သူတို့ကို ဖမ်းလိုက်တယ်။ မိသားစုနဲ့တောင် တွေ့ခွင့်ပေးထားတယ်” ဟု ဖြစ်စဉ်ကိုသိရှိသည့် ဒေသခံတစ်ဦးက ပြောသည်။

(၂) ဦးစလုံးသည် မြိုင်သာယာရဲစခန်းတွင် ထိန်းသိမ်းခံထားရပြီး မော်လမြိုင်ခရိုင်တရားရုံးတွင် အမှုရင်ဆိုင်နေရသည်။ “Myanmar Internet Project” သုတေသနအဖွဲ့၏ အစီရင်ခံစာအရ ၂၀၂၄ ဩဂုတ်လမှ အောက်တိုဘာလအတွင်း မြန်မာတနိုင်ငံလုံးတွင် ဒေသခံ ပြည်သူ (၁၄၃) ဦးကို လူမှုကွန်ရက်နှင့်ပတ်သက်သည့် အလားတူစွပ်စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

၎င်းပြင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပတ်သက်သည်ဟုဆိုကာ လူငယ်များကို ပစ်မှတ်ထားဖမ်းဆီးနေသည်။ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ လူငယ် (၃) ဦးကို သိမ်ဇရပ်မြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ သင်တန်းတစ်ခုကို ပါဝင်တက်ရောက်ခဲ့သည်ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့ကြောင်း စစ်လော်ဘီ တယ်လီဂရမ်ချန်နယ်တစ်ခုက ပြောသည်။

အဆိုပါလူငယ်များသည် အသက် (၁၈) နှစ်အောက် ကလေးငယ်များ ဖြစ်ပြီး အသက် (၁၅) နှစ်အရွယ် မောင်ခန့်ကိုဇင်၊ အသက် (၁၆) နှစ်အရွယ် မောင်ထက်အာကာဖြိုးနှင့် ကောင်းထက်ကျော်တို့ ဖြစ်ကြသည်။ ၎င်းတို့အားလုံးသည် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ဇလုတ်ကြီးကျေးရွာမှ ဖြစ်သည်။ စစ်ကောင်စီကမူ ၎င်းတို့သည် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့သင်တန်းကို (၁) ပတ်ကြာ တက်ရောက်ခဲ့ကြောင်း စွပ်စွဲပြောဆိုသည်။

နိုဝင်ဘာလ (၁၁) ရက်နေ့ နံနက် (၉) နာရီ မိနစ် (၄၀) အချိန်ခန့်တွင် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့က ကောင်းထက်ကျော်၊ ထက်အာကာဖြိုးနှင့် ခန့်ကိုဇင် လူငယ် (၃) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က) ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

စစ်ကောင်စီလက်ထက်တွင် လူငယ်များကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်ပတ်သက် သည်ဟု စွပ်စွဲပြီး ဖမ်းဆီးမှုများ မကြာခဏဖြစ်ပွားလာသည်။ ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေး ရန်အတွက် ငွေကြေးတောင်းခံမှုများ ပြုလုပ်လာသည်။

၎င်းပြင် စစ်မှုထမ်းရန် ရှောင်တိမ်းမှုဖြင့် ပြည်သူများကို ထပ်မံဖမ်းဆီးရန် ကြိုးပမ်းလာသည်။ မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျွဲခြံကျေးရွာမှ အသက် (၃၀) အရွယ် လူငယ် (၂) ဦးဖြစ်သူ ကျော်ချမ်းငြိမ်းစောနှင့် ကိုထီးလှိုင်ဝင်းတို့ကို စစ်မှုထမ်းရန် ရှောင်တိမ်းသည်ဟုဆိုကာ ပြည်သူ့စစ်မှုထမ်းဥပဒေဖြင့် အမှုဖွင့်ထားသည်။ စစ်မှုထမ်းရန် ရွေးချယ်ခံရပြီးနောက် စစ်သင်တန်း တက်ရောက်ရမည့်အစား ထွက်ပြေးတိမ်းရှောင်နေသည်ဟု စွပ်စွဲထားခြင်း ဖြစ်သည်။

“တစ်ယောက်က ထိုင်းကို ထွက်ပြေးသွားပြီ။ ကျန်တစ်ယောက်ကတော့ ရွာထဲမှာပဲ ရှောင်နေတယ်။ တရားစွဲထားတဲ့အကြောင်း ရဲတွေက သူတို့မိဘကို လာပြောပြတယ်။ ဒီမှာကျန်နေတဲ့ တစ်ယောက်ကို ဖမ်းဖို့လုပ်နေတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းတို့ (၂) ဦးကို မုတ္တမနယ်မြေရဲစခန်းတွင် နိုဝင်ဘာလ (၁၇) ရက်နေ့၌ အမှုဖွင့်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ (၂၃) အရ ပြစ်မှုထင်ရှားပါက ထောင်ဒဏ် (၃) နှစ်သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ် (၂) ရပ်လုံး ကျခံရမည်ဖြစ်သည်။

နိုဝင်ဘာလ (၇) ရက်နေ့တွင် ပြုလုပ်ခဲ့သည့်အစည်းအဝေးတွင် စစ်သားစုဆောင်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်တင်အောင်စန်းက စစ်မှုထမ်းရန် တိမ်းရှောင်နေသူများကို အရေးယူသွားရန် ညွှန်ကြားခဲ့သည်။

ပြီးခဲ့သည့်စစ်မှုထမ်းအပတ်စဉ် (၆) ခုတွင် မွန်ပြည်နယ်မှ ပြည်သူ (၁,၅၀၀) ကျော်သည် သင်တန်းသားအဖြစ် စုဆောင်းခံခဲ့ရသည်။ ဒေသခံပြည်သူအများစုက စစ်မှုထမ်းခြင်းကို ရှောင်လွှဲရန်အတွက် လူစားထိုးမှုများ

ပြုလုပ်ခဲ့ကြသည်။ စစ်မှုမထမ်းမနေရစနစ်ကြောင့် ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်နေပြီး စစ်ကောင်စီ၏ စစ်သားအတင်းအကြပ်စုဆောင်းမှုက လူမှုအသိုင်းအဝိုင်းကို ရိုက်ခတ်နေသည်။

နိုဝင်ဘာလ (၁၉) ရက်နေ့ ည (၁၀) နာရီတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ဆင်ရွာကျေးရွာကို စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းပြီး ကျောက်ထုတ်လုပ်ရေးကုမ္ပဏီမှ လူငယ်အယောက် (၂၀) ကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးထားသူများကို စစ်သားအဖြစ် အဓမ္မစုဆောင်းခဲ့သည်။

“တစ်ညတည်းနဲ့ အယောက် (၂၀) အဖမ်းခံလိုက်ရတယ်။ သူတို့က စစ်မှုထမ်းအသက်အရွယ်မှာ အကျုံးဝင်တယ်ဆိုပြီး ဖမ်းသွားတာ” ဟု စစ်ကောင်စီနှင့်နီးစပ်သူ အမည်မဖော်လိုသူတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူလူငယ်များကို မုတ္တမနယ်မြေရဲစခန်းတွင် ထိန်းသိမ်းထားပြီး ရက်ပိုင်းအတွင်းတွင် စစ်သင်တန်းသို့ ပို့ဆောင်မည်ဟု သိရသည်။ ယခုကဲ့သို့သော အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုကြောင့် ပေါင်မြို့နယ်တွင် ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်နေပြီး လူငယ်အများစုသည် ထိုကဲ့သို့ဖမ်းဆီးမခံရမီ ထွက်ပြေးတိမ်းရှောင်နေကြသည်။

“အခုလိုမျိုးဖမ်းဆီးတာ တစ်ခါမှ မကြုံဘူးဘူး။ တချို့လူငယ်တွေကတော့ ပြေးကုန်ပြီ။ ဒီလို အစုလိုက်အပြုံလိုက်ဖမ်းဆီးတာက ဒါပထမဆုံးပဲ။ လူတွေက အကုန်ကြောက်လန့်ပြီး ဘာလုပ်ရမှန်း မသိတော့ဘူး” ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခင်ရက်များတွင်လည်း ပေါင်မြို့နယ် ကျွဲခြံကျေးရွာမှ လူငယ် (၂) ဦးကို စစ်မှုထမ်းရန်တိမ်းရှောင်သည်ဟုဆိုကာ မုတ္တမနယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

စစ်မှုထမ်းသင်တန်းသားများကို အတင်းအဓမ္မစုဆောင်းနေသည်ကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီက လိုအပ်သည့်စစ်အင်အားအတွက် တပ်သားသစ်များကို ခြိမ်းခြောက်ပြီး စုဆောင်းနေရသည့်အခြေအနေဖြစ်ကြောင်း သိသာနေသည်။ ထိုအခြေအနေကြောင့် မွန်ပြည်နယ် တွင် ကြောက်ရွံ့ထိတ်လန့်မှုများနှင့် မသေချာမရေရာမှုများဖြင့် အခြေအနေတင်းမာနေသည်။

ပြည်သူများကို စောင့်ကြည့်ရန်အတွက် မွန်ပြည်နယ် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူးက ဆိုင်ကယ်တစ်စီးကို (၂) ယောက် အတူစီးနင်းသည့် အမျိုးသားများကို ဖမ်းဆီးကာ စစ်သင်တန်းသို့ ချက်ချင်းပို့ဆောင်ရန် နှုတ်မိန့်ဖြင့် ညွှန်ကြားထားသည်။ လာမည့် စစ်မှုထမ်းသင်တန်း အပတ်စဉ် (၇) အတွက် လိုအပ်သည့် သင်တန်းသားဦးရေကို မရရှိသဖြင့် ထိုကဲ့သို့လုပ်ဆောင်လာခြင်း ဖြစ်သည်။

“ဆိုင်ကယ်တစ်စီးကို (၂) ယောက်အတူစီးရင် စစ်တပ်ထဲကို တစ်ခါတည်းဖမ်းသွားဖို့ မြို့နယ်ညွှန်ကြားရေးမှူးက ပြောထားတယ်။ စစ်မှုထမ်းကို ရှောင်လွှဲတယ်လို့ သံသယရှိရင်လည်း တစ်ခါတည်းဖမ်းဖို့ ပြောထားတယ်။ ခရိုင်က ဖိအားပေးတာလည်း ပါမယ်။ ဒီသတင်းပေါက်ကြားသွားရင်လည်း အရေးယူခံရမယ်တဲ့” ဟု နီးစပ်သူတစ်ဦးက ပြောသည်။

၂၀၂၂ ဇူလိုင်လမှစ၍ သထုံမြို့နယ်တွင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနင်းခွင့်နှင့် အမျိုးသမီးနောက်တွင် အမျိုးသားက လိုက်ပါစီးနင်းခွင့်ကို ပိတ်ပင်ထားသည်။ တော်လှန်ရေး အင်အားစုများကို စစ်မှုထမ်းသင်တန်းစုဆောင်းခြင်းကို ဆန့်ကျင်ကြရန် တိုက်တွန်းထားပြီး တစ်ဖက်တွင်လည်း စစ်ကောင်စီက စစ်မှုထမ်းသင်တန်းသားများကို အပူတပြင်းလိုက်လံစုဆောင်းနေသည်။

ဗမာ့ရေးရာနှင့် ပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ (BACS) ၏ အစီရင်ခံစာအရ အပတ်စဉ် (၁) မှ (၅) အထိ မြန်မာနိုင်ငံတဝန်းလုံးမှ လူငယ်လူရွယ် (၂၁,၀၀၀) ကျော်ကို စစ်မှုထမ်းသင်တန်းသား အဖြစ် စုဆောင်းခဲ့ပြီး ၎င်းတို့အနက် သင်တန်းဆင်းသူ (၁၃,၀၀၀) ကျော်ကို ရှေ့တန်းစစ်မျက်နှာပြင်သို့ ပို့ဆောင်ခဲ့သည်။

မွန်ပြည်နယ်တွင် စစ်မှုထမ်းသင်တန်း အပတ်စဉ် (၆) အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပြီး သင်တန်းသား (၁,၃၀၀) ကျော် စုဆောင်းခံထားရသည်။

အခြေခံလွတ်လပ်ခွင့်ကို ဖိနှိပ်ဖြိုခွင်းနေခြင်းက စစ်ကောင်စီက အင်အားနည်းပါးနေပြီး ပြည်သူတို့၏ ခုခံဆန့်ကျင်ခြင်းကို ခံစားနေရကြောင်း ဖော်ပြနေသည်။

စစ်ကောင်စီက နေအိမ်များကို ချိပ်ပိတ်သိမ်းယူနေသည်။ နိုဝင်ဘာလ ပထမ (၂) ပတ်အတွင်း မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံ့တားကျေးရွာမှ နေအိမ် (၆) လုံးကို ချိပ်ပိတ်သိမ်းယူခဲ့ကြောင်း ဒေသခံပြည်သူများနှင့် လူ့အခွင့်အရေးဆိုင်ရာကွန်ရက်များက ပြောသည်။

နိုဝင်ဘာလ (၅) ရက်နေ့ နေ့လည်ခင်းတွင် အင်အား (၂၀) ပါ စစ်ကောင်စီပူးပေါင်းအဖွဲ့က ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ကား (၃) စီးဖြင့် ရောက်ရှိလာသည်။ ထို့နောက် ဦးကျော်စွာ၊ ဦးအောင်ကျော်မိုး၊ ဒေါ်သန်းဦး၊ ဦးစိန်သောင်း၊ ဦးဖိုးပျော့နှင့် ဦးစဦးတို့၏နေအိမ်များကို အကြမ်းဖက်မှုနှင့်ပတ်သက်သည်ဟု ဆိုကာ ချိပ်ပိတ်ခဲ့သည်။

နေအိမ်များကို ချိပ်ပိတ်ပြီးနောက် စစ်ကောင်စီတပ်သားများက အနီးအနားပတ်ဝန်းကျင်ကို နှစ်ရက်တစ်ကြိမ် သို့မဟုတ် သုံးရက်တစ်ကြိမ် ကင်းလှည့်လည်နေသည်။ ဩဂုတ်လ (၁၉) ရက်နေ့တွင် ဥတ္တံ့တား(အပြင်)ကျေးရွာ အမှတ် (၆) ရပ်ကွက်ရှိ ဦးပြည့်ဖြိုးအောင်၏နေအိမ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်သားများက ဝင်ရောက်ရှာဖွေရာ ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို တွေ့ရှိခဲ့သည်။

ထို့နောက် နေအိမ်ကို ချိပ်ပိတ်ခဲ့သည်။ ဩဂုတ်လ (၂၈) ရက်နေ့တွင် ဥတ္တံ့တားကျေးရွာ အမှတ် (၂) ရပ်ကွက်ရှိ ဦးစိုးသိုက်အောင်၏နေအိမ်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရဟုဆိုကာ ချိပ်ပိတ်ခဲ့ပြန်သည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာရှိ အလွတ်တန်းသတင်းထောက်ကိုထက်မြတ်သူ၏ မိခင်ဖြစ်သူ ဒေါ်စိုးစိုးခိုင်၏နေအိမ်ကို နိုဝင်ဘာလ (၂၂) ရက်နေ့ နေ့လည် (၁) နာရီခွဲတွင် စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။

ဒေါ်စိုးစိုးခိုင်ကိုလည်း တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သက်ဆက်နွယ်နေသည်ဟု စွပ်စွဲသည့် အပြင် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများနှင့် လက်နက်များကိုလည်း ကိုယ်စားထိန်းသိမ်းပေးထား သည်ဟု စွပ်စွဲသည်။

သားဖြစ်သူကိုထက်မြတ်သူကို ဖမ်းဆီးသတ်ဖြတ်ပြီး နောက် မိခင်ဖြစ်သူကို အမှုဖွင့်ခြင်းဖြစ်သည်။ ဒေါ်စိုးစိုးခိုင်သည် လက်ရှိတွင် လေဖြတ်ဝေဒနာခံစားနေရသည့် မိဘနှစ်ဦးကို ပြုစုနေသူဖြစ်ပြီး နေအိမ်မှဖယ်ရှားပေးရန် စစ်ကောင်စီက အချိန် (၁) ရက် ပေးခဲ့သည်။

“ကျွန်မလည်း ဘာမှမသိဘူး။ မချိပ်ပိတ်ခင် (၁) ရက်အလိုက ပစ္စည်းတွေ ရွှေ့လို့ရတယ်လို့ ရဲက လာပြောတယ်။ ကျွန်မကို ဒေါ်စိုးစိုးခိုင်လားဆိုတော့ ဟုတ်တယ်ပေါ့။ ကျွန်မကို ဖမ်းချင်လည်း ဖမ်းပါ၊ အိမ်မှာရှိတဲ့အဖေနဲ့အမေနှစ်ယောက်စလုံးက လေဖြတ်ထားတာ။ သူတို့လုပ်ချင်တာ လုပ်ပေါ့” ဟု ဒေါ်စိုးစိုးခိုင်က ပြောသည်။

ဒေါ်စိုးစိုးခိုင်ကို စစ်ကောင်စီက ကျိုက်ထိုနယ်မြေရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉(က)၊ ၅၂(က)နှင့် ၅၄ တို့ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ ပြစ်မှုထင်ရှားပါက အကြီးဆုံးပြစ်ဒဏ်အဖြစ် သေဒဏ် (၂) ကြိမ် သို့မဟုတ် အနည်းဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ် (၄၃) နှစ် ကျခံရမည် ဖြစ်သည်။

စစ်ကောင်စီက ၎င်းတို့ကို ဆန့်ကျင်သူများကို ပြင်းပြင်းထန်ထန် ဖိနှိပ်နေသည်ကို ယခု အဖြစ်အပျက်က ဖော်ပြနေသည်။ ဆန့်ကျင်သူများကို တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပတ်သက် သည်ဟု မတရားစွပ်စွဲပြီး နေအိမ်မှ မောင်းထုတ်ကာ တောက်လျှောက်စောင့်ကြည့်နေသည်။

**တနင်္သာရီ တိုင်းဒေသကြီး**

- IDP ၂၄,၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၂၅ ဦးခန့်
- သေဆုံးသူ ၁၁ ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

တနင်္သာရီတိုင်းတွင် အကြမ်းဖက်မှုများနေရာအနှံ့ဖြစ်ပွားနေခြင်းက အိုးအိမ်စွန့်ခွာထွက်ပြေး တိမ်းရှောင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေပြီး ပြည်သူများအကြားတွင်လည်း အကြောက်တရားများ ပျံ့နှံ့စေသည်။ တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လှုဝင်မှု ကြီးကြပ်ရေးစစ်ဆေးရေးဂိတ်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက အောက်တိုဘာလ (၃၁) ရက်နေ့ မနက် (၉) နာရီတွင် ဒေသခံအမျိုးသားတစ်ဦးကို ပစ်သတ်ခဲ့သည်။ အဆိုပါအမျိုးသား သည် ထားဝယ်မှ လောင်းလုံးသို့ ဆိုင်ကယ်စီးနင်းလာစဉ် လူဝင်မှုကြီးကြပ်ရေးစစ်ဆေးရေးဂိတ်မှ အတားအဆီးများကို ဖယ်ရှားရန် ကြိုးပမ်းခဲ့သည်။

စစ်ကောင်စီတပ်သားများရှေ့တွင် အတားအဆီးများကို မတင်ဖယ်ရှားနေသဖြင့် စစ်သားများက ၎င်းကို ပစ်ခတ်ခဲ့ရာ သေဆုံးသွားခဲ့သည်။ သေဆုံးသူသည် အသက် (၄၀) အရွယ် ဦးကျော်ခိုင်ဆိုသူ ဖြစ်ပြီး လောင်းလုံးမြို့နယ် ကဘူးကျေးရွာမှ သိသူများသူ၊ ရပ်ရွာကလေးစားရသူတစ်ဦး ဖြစ်သည်။

“စစ်သားတွေက အမြဲတမ်းလန့်ဖျန့်နေကြတာ။ သူက ဆိုင်ကယ်ကို ရပ်ပြီး အတားအဆီးတွေကို ဒီအတိုင်းပဲ ဖယ်ဖို့လုပ်တာ။ အဲဒါကို စစ်သားတွေက ပစ်လိုက်တယ်။ အလောင်းကို အဲမှာပဲ ပစ်ထားတာ လူတိုင်းမြင်နေရတယ်” ဟု လောင်းလုံးနယ်ခံတစ်ဦးက ပြောသည်။

စစ်ကောင်စီလော်ဘီ တယ်လီဂရမ်ချန်နယ်တစ်ခုက လူဝင်မှုကြီးကြပ်ရေးဌာနရုံးကို ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့က လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်သဖြင့် စစ်သားများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးကို ပစ်ခတ်သတ်ဖြတ် ခဲ့ကြောင်း ဖော်ပြခဲ့သည်။ သို့သော် ပစ်ခတ်မှုပြီးနောက် စစ်ကောင်စီတပ်သားများက ဦးကျော်ခိုင်၏ ရုပ်အလောင်းကို ပြောက်ကျားဝတ်စုံ ဝတ်ဆင်ပေးပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်ဟု ဆိုကာ လမ်းဘေးတွင် ပစ်ထားကြောင်း ဒေသခံများက ပြောသည်။

အခြားဖြစ်စဉ်တစ်ခုတွင် နှိပ်စက်ထားသည့်ဒဏ်ရာများ ရရှိထားသည့် လူငယ်တစ်ဦး၏ ရုပ်အလောင်းကို မြိတ်ခရိုင်၊ ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာတွင် တွေ့ရှိခဲ့သည်။ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ဇရပ်ဆိပ်ဘုန်းတော်ကြီးကျောင်းအနီးတွင် တဝက်တ

ပျက်မြုပ်နှံထားသည့် အလောင်းတစ်ခုကို ရွာသားများက တွေ့ရှိခဲ့သည်။

သေဆုံးသူမှာ အသက် (၂၀) ဝန်းကျင်ရှိပြီး နှိပ်စက်ခံထားရသည့်လက္ခဏာ ရှိသည်။ ကြိုးဖြင့် တုပ်နှောင်ခံထားရပြီး လည်ပင်းလည်း အလှီးခံထားရသည်။

“အလောင်းကိုကြည့်ရတာ အနှိပ်စက်ခံထားရတာ ရှင်းနေတာပဲ။ တွေ့တဲ့အချိန်မှာ အတော်လေး ပုပ်ပွနေပြီ။ ဘယ်သူလဲဆိုတာ မသိတော့ဘူး” ဟု အလောင်းတွေ့ရှိသူ ရွာသားတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်သားများက မနက်ပိုင်းတွင် အဆိုပါနေရာမှ ထွက်ခွာသွားပြီးနောက် ရွာသားများက အလောင်းကို ပြန်လည်တူးဖော်ပြီး ရွာသင်္ချိုင်းတွင် သင်္ဂြိုဟ်ပေးခဲ့သည်။ စစ်ကောင်စီ တပ်သားများသည် နိုဝင်ဘာလ (၁၁) ရက်နေ့ကတည်း ဇရပ်ဆိပ်ကျေးရွာကို ဝင်ရောက်စီးနင်းပြီး ရွာဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲနေထိုင်ခဲ့သည်။

နိုဝင်ဘာလ (၂၅) ရက်နေ့တွင် အဆိုပါစစ်ကြောင်းသည် ဖြတ်သန်းသွားလာစဉ် တပိုကျေးရွာ တံတားရှိ လက်ဖက်ရည်ဆိုင်အနီးမှ အိမ်တစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ တပိုကျေးရွာရှိ တော်လှန်ရေးတပ်ဖွဲ့များက စစ်ကောင်စီတပ်ကို ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့သည်။

စက်တင်ဘာလ တစ်လတည်းတွင်ပင် တနင်္သာရီတိုင်းမှ ဒေသခံပြည်သူ (၁၆) ဦးသည် စစ်ကောင်စီ၏ သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်းနှင့် ဒရုန်းဖြင့် ဗုံးကြဲခြင်းတို့ကြောင့် အသက်သေဆုံးခဲ့ရသည်။ အဆိုပါဒေသရှိ ပြည်သူများသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

မတရားဖမ်းဆီးမှုများလည်း ဆက်လက်ဖြစ်ပွားနေပြီး စစ်ကောင်စီက ပြည်သူလူထုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသည်။ နိုဝင်ဘာလ (၉) ရက်နေ့တွင် စစ်ကောင်စီတပ်သားများက ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ မူးဒူးကျေးရွာကို ဝင်ရောက်လာပြီး အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

အင်အား (၈၀) ကျော်ပါ စစ်ကြောင်းသည် လောင်းလုံးမြို့နယ် ပန်းတင်အင်းကျေးရွာအုပ်စု ညောင်ပင်ဆိပ်ကျေးရွာမှ ချီတက်လာပြီး မူးဒူးကျေးရွာကို မနက် (၁၁) နာရီခွဲတွင် ရောက်ရှိလာသည်။

ဖမ်းဆီးခံရသူများမှာ အသက် (၄၄) နှစ်အရွယ် ဒေါ်ဝါဝါခိုင်နှင့် အသက် (၃၃) နှစ်အရွယ် အမျိုးသားတစ်ဦးတို့ ဖြစ်သည်။ ဖမ်းဆီးမှုများအပြင် စစ်ကောင်စီတပ်သားများက နေအိမ်များကို ဝင်ရောက်ရှာဖွေခြင်း၊ တံခါးများကို ဖျက်ဆီးခြင်းနှင့် လက်နက်ကြီးများကို အနည်းဆုံး (၃) ကြိမ် ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

နိုဝင်ဘာလ (၆) ရက်နေ့တွင် မူးဒူးကျေးရွာသို့ မချီတက်မီ စစ်ကောင်စီတပ်က မောင်းမကန်ရဲစခန်းတွင် အင်အားဖြည့်တင်းခဲ့သည်။ အဆိုပါစစ်ကြောင်းသည် နိုဝင်ဘာလ (၇) ရက်နေ့တွင် ထားဝယ်အထူးစီးပွားရေးဇုန်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများကို သွားရောက်အင်အားဖြည့်တင်းမည် ဖြစ်သည်။

နိုဝင်ဘာလ (၆) ရက်နေ့တွင် ထားဝယ်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က ၎င်း၏ ဒရုန်းတပ်ဖွဲ့နှင့်အတူ တခြားမဟာမိတ်တပ်ဖွဲ့များနှင့် ပူးပေါင်း၍ လောင်းလုံးမြို့နယ် မောင်းမကန်ရဲစခန်းကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဒေသအတွင်း တိုက်ပွဲများ ပိုမိုဖြစ်ပွားလာသည်။

နိုဝင်ဘာလ (၅) ရက်နေ့တွင် အင်အား (၁၀၀) ကျော်ရှိသည့် စစ်ကောင်စီစစ်ကြောင်း (၂) ခုက လောင်းလုံးမြို့နယ် မောင်းမကန်၊ ကျောက်ဝပ်ပြင်၊ အောက်ကျောက်ဝပ်၊ ညောပြင်နှင့် ကျောက်မိချောင်းအပါအဝင် ကျေးရွာအမြောက်အမြားကို စစ်ကြောင်းထိုးခဲ့သည်။

နိုဝင်ဘာလ (၈) ရက်နေ့တွင် စစ်ကြောင်းက ပန်းတင်အင်းကျေးရွာကို ဝင်ရောက်လာပြီး ပြင်ကြီးရွာသား အသက် (၄၀) အရွယ် ဦးမြင့်အောင်နှင့် အခြားရွာသား (၁) ဦးကို ဖမ်းဆီးခဲ့သည်။ ဦးမြင့်အောင်သည် ထွက်ပြေးလွတ်မြောက်လာသော်လည်း ဖမ်းဆီးခံရချိန်တွင် နှိပ်စက်ခံရမှုကြောင့် ကျောကုန်းတွင် ပြတ်ရှရာဒဏ်ရာများ အများအပြားရရှိခဲ့ကြောင်း မောင်းမကန်ဒေသခံတစ်ဦးက ပြောသည်။

သို့သော် အခြားပြင်ကြီးရွာသားတစ်ယောက်မှာမူ စစ်ကြောင်းနှင့်အတူ လိုက်ပါသွားခဲ့ရပြီး နိုဝင်ဘာလ (၁၁) ရက်နေ့အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိချေ။

စစ်ကောင်စီတပ်သားများသည် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် သပြေကျေးရွာသို့ မထွက်ခွာမီ ပန်းတင်အင်းကျေးရွာရှိ နေအိမ်များကို ဝင်ရောက်ရှာဖွေ လုယက်သွားသည်။ စစ်ကြောင်းထွက်ခွာသွားပြီးနောက် မောင်းမကန်ဒေသခံများသည် နေအိမ်သို့ သတိကြီးစွာဖြင့် ပြန်လာကြသည်။ သို့သော် ညောပြင်၊ အောက်ကျော်ဝပ်နှင့် ကျောက်ဝပ်ပြင်မှ ဒေသခံပြည်သူများမှာမူ ခြိမ်းခြောက်မှုများ ဆက်လက်ရှိနေသဖြင့် နေရပ်မပြန်နိုင်သေးချေ။

“စစ်ကြောင်းပြန်ထွက်သွားရင် ရွာသားတွေက ပြန်သွားကြတော့ စစ်ရှောင်ဦးရေဘယ်လောက်ရှိတယ်ဆိုတာ ခန့်မှန်းရခက်တယ်” ဟု လောင်းလုံးဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ အောက်တိုဘာလတွင်လည်း လောင်းလုံးမြို့နယ်ကို စစ်ကောင်စီတပ်က တစ်ပတ်ကြာ စစ်ကြောင်းထိုးခဲ့ပြီး ဒေသခံပြည်သူ (၅) ဦးကို သတ်ဖြတ်ကာ နေအိမ်အမြောက်အမြားကို ဖျက်ဆီးခဲ့သည်။

ဒေသအတွင်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် စစ်တပ်က ပဋိပက္ခနယ်မြေများတွင် မြေမြှုပ်မိုင်းများ ထောင်ထားသည်။ နိုဝင်ဘာလ (၁၀ ရက်နေ့တွင် ရေဖြူမြို့နယ် ရလိုင်ကျေးရွာမှ အသက် (၄၀) အရွယ် အမျိုးသမီးတစ်ဦးသည် ရာဘာခြံတစ်ခုတွင် မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရခဲ့သည်။ ၎င်းသည် ကျောက်ကညာကျေးရွာသို့ ရာဘာပြားများ သွားရောက်ဝယ်ယူရာမှ မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်း ဖြစ်သည်။

"သူက ကျောက်ကညာမှာ ရာဘာခြံ ရှိတယ်။ တခြားခြံက ရာဘာပြားတွေ လိုက်ဝယ်ရင်း ရာဘာပြားတွေ သွားအယူမှာ မြေမြှုပ်မိုင်းနင်းမိတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒဏ်ရာရသူအမျိုးသမီးကို ထားဝယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ မြေမြှုပ်မိုင်းကို စစ်တပ်က ထောင်ထားကြောင်း၊ အဆိုပါနေရာများကို သွားလာခွင့်ကန့်သတ်ထားကြောင်း ဒေသခံများက ပြောသည်။ စစ်ကောင်စီတပ်နှင့် ဒေသခံတော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် တနင်္သာရီ၊ ထားဝယ်၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်များတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားနေပြီး ဒေသခံပြည်သူများမှာ အန္တရာယ်ကြားတွင် နေထိုင်နေရသည်။

တနင်္သာရီဒေသရှိ စစ်ကောင်စီတပ်သားများသည် ပုလောနှင့် တနင်္သာရီမြို့နယ်များရှိ ကျေးရွာများတွင် တစ်အိမ်တက် တစ်အိမ်ဆင်း သေနတ်များဖြင့်ခြိမ်းခြောက်ကာ သန်းခေါင်စာရင်း ကောက်ခံနေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သိရှိထားသည်။

သန်းခေါင်စာရင်းကောက်ခံခြင်းသည် အောက်တိုဘာလ (၁) ရက်နေ့တွင် စတင်ပြီး (၁၅) ရက်နေ့တွင် ပြီးဆုံးရမည်ဖြစ်သော်လည်း အကြိမ်ကြိမ် အချိန်တိုးမြှင့်ကာ နိုဝင်ဘာလ ရောက်သည့်တိုင် ဆက်လက်ကောက်ခံနေသည်။ သို့သော် မှန်ကန်သည့်အချက်အလက်များ ရရှိရန် ရှန်းကန်နေရသည်။

ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာမှ ဒေသခံပြည်သူများက လက်နက်ကိုင်ဆောင်ထားသည့် စစ်သားများသည် ၎င်းတို့၏နေအိမ်သို့ ရောက်ရှိလာပြီး သန်းခေါင်စာရင်းကောက်ခံသည့် ဝန်ထမ်းများမပါရှိဘဲ စစ်သားများကိုယ်တိုင် သန်းခေါင်စာရင်းကောက်ခံသွားကြောင်း ပြောပြကြသည်။

စစ်သားများသည် လက်နက်ကိုင်ဆောင်ထားလျက် နေအိမ်အတွင်းသို့ ဝင်ရောက်လာပြီး အိမ်သားများကို ခြိမ်းခြောက်ကာ နာမည်မေးမြန်းခြင်း၊ ဓာတ်ပုံရိုက်ခြင်းနှင့် လက်ရှိနေထိုင်သူများ၏ အခြားအချက်အလက်များကို မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

"သူတို့က ကျွန်တော်တို့ကို ရွာပြန်ခိုင်းပြီးတော့ အယောက် (၅၀) လောက် စုခိုင်းလိုက်တယ်။ ပြီးတော့ စာရင်းကောက်သွားတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါအဖြစ်အပျက်ကြောင့် ဇရပ်ဆိပ်ကျေးရွာတွင် ရက်သတ္တပတ်အတော်ကြာ မတည်မငြိမ် ဖြစ်ခဲ့သည်။ စစ်ကောင်စီစစ်ကြောင်းက အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကျေးရွာသို့ ရောက်ရှိလာသဖြင့် ရွာသားများသည် ဖမ်းဆီးနှိပ်စက် ခံရမည်ကို ကြောက်ရွံ့သဖြင့် အများအပြား ထွက်ပြေးတိမ်းရှောင်သွားကြသည်။ သန်းခေါင်စာရင်းကို အတင်းအကြပ်ကောက်ခံပြီးနောက် နိုဝင်ဘာလ (၆) ရက်နေ့ ညနေတွင် စစ်သားများ ပြန်လည်ထွက်ခွာသွားသည်။

တနင်္သာရီမြို့နယ် ကတဲ့လိပ်ကျေးရွာတွင်လည်း အလားတူအဖြစ်အပျက် ဖြစ်ပွားခဲ့သည်။ စစ်သားများက သတင်းပေး (၂) ဦးနှင့်အတူ ကျေးရွာသို့ ဝင်ရောက်လာသည်။ အိမ်ထောင်စုဦးရေ၊ လက်ရှိနေထိုင်သူအစရှိသည့် အခြေခံအချက်အလက်များကို ကောက်ခံသွားသည်။ အချက်အလက်များ ကောက်ခံနေချိန်တွင် စစ်သားများက သေနတ်ဖြင့်ချိန်ရွယ်ထားသည်။

ကတဲ့လိပ်တွင် သန်းခေါင်စာရင်းကောက်ခံသည့်နေ့၌ စစ်ကောင်စီတိုက်လေယာဉ်များက အနီးအနားကျေးရွာများဖြစ်သည့် ကိုးအင်းနှင့် ဘန်းပြည့်ကျေးရွာများကို လေကြောင်းတိုက်ခိုက် ခဲ့သည်။ ဒေသအတွင်းတွင် စစ်ရေးတင်းမာလာပြီး ပဋိပက္ခနယ်မြေများတွင် စစ်တပ်က အင်အားကို အသုံးပြုပြီး သန်းခေါင်စာရင်း အတင်းအကြပ်ကောက်ခံနေသည်။

အောက်တိုဘာလ အစောပိုင်းတွင် သန်းခေါင်စာရင်း အတင်းအကြပ်ကောက်ခံခြင်းကို မြိတ်မြို့နယ် မြင်သာနှင့် ကြေးနန်းတိုင်ကျေးရွာများတွင် ပြုလုပ်ခဲ့သည်။ စစ်ကောင်စီတပ်သားများက ကျေးရွာသို့ စစ်ကြောင်းပုံသဏ္ဍာန်ဖြင့် ဝင်ရောက်လာပြီး ရွာသားများထံမှ အိမ်ထောင်စုအချက်အလက်များကို တောင်းခံသွားခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် အထက်ပါအကြမ်းဖက်မှုများကို စောင့်ကြည့် မှတ်တမ်းတင်နေပြီး အဆိုပါကျူးလွန်မှုများသည် ပြည်သူလူထု၏ ဘဝများကို အတင်းဝင်ရောက် နှောင့်ယှက်ခြင်းသာမက အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။

သန်းခေါင်စာရင်းကို လက်နက်ဖြင့် အတင်းအကြပ်ကောက်ခံခြင်းသည် အကြောက်တရားကို ဖန်တီးပြီး စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ အတင်းအကြပ်ကောက်ခံထားသည့် အချက်အလက်များကို အသုံးပြုပြီး အတင်းအကြပ်စစ်မှုထမ်းခိုင်းခြင်း၊ မဲပေးမှုကို ပြုပြင်ပြောင်းလဲ ခြင်းနှင့် အနာဂတ်ကာလတွင် စစ်အုပ်စုအလိုကျ လူဦးရေ ထိန်းချုပ်ခြင်းများကို ပြုလုပ်လာနိုင် သည်။

ထားဝယ်ရှိ စစ်ကောင်စီတပ်က ၎င်းတို့အတွက် လုံခြုံမှုမရှိနိုင်ဟု ယူဆရသည့် လူနေဒေသများကို ဝင်ရောက်စီးနင်းသည်။ နေအိမ်အတွင်းသို့ အဓမ္မဝင်ရောက်ခြင်း၊ အဖိုးတန်ပစ္စည်းများကို လုယက်ခြင်း၊ ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းနှင့် ချက်ချင်း

မောင်းထုတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူများကို ဒုက္ခရောက်စေခဲ့သည်။

နိုဝင်ဘာလ (၁၈) ရက်နေ့မှစ၍ ထားဝယ်မြို့ ဆင်ဆိပ်နှင့် အိမ်ရှေ့ပြင်ရပ်ကွက်များတွင် စစ်ရေးတင်းမာလာသသည်။ မနက်ပိုင်းတွင် စစ်သားများက နေအိမ် (၅) လုံးကို ဝင်ရောက်စီးနင်းပြီး ဆိုင်ကယ်များ၊ တီဗီများ၊ ဖုန်းများ၊ ငွေကြေးများနှင့် အခြားတန်ဖိုးကြီးပစ္စည်းများကို လုယက်ခဲ့ သည်။ လုယက်မှုများအပြင် ယခုနေရာသည် လုံခြုံမှုမရှိသဖြင့် နေအိမ်မှ ချက်ချင်းထွက်ခွာရန် ဒေသခံများကို အမိန့်ပေးခဲ့သည်။

“ဘာမှမပြောဘဲ အိမ်ထဲကို အတင်းဝင်လာတယ်။ အိမ်ကို စီးနင်းပြီးတော့ ဒီမှာနေလို့ မရဘူးဆိုပြီး ပြောတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

“ပစ္စည်းတွေ ကောက်ပြီး ချက်ချင်းထွက်သွားဖို့ ပြောတယ်။ မလိုက်နာဘူးဆိုရင် အကုန်လုံးကို ဖျက်စီးပစ်မယ်လို့ ခြိမ်းခြောက်တယ်။ ကျွန်တော်တို့က ဘာအမှားမှ လုပ်မထားဘူး။ ဒါပေမဲ့ ဒီလိုမျိုး အပြစ်ပေးခံနေရတယ်။ ဘယ်လိုမှ နားမလည်နိုင်ဘူး” ဟု ဆက်ပြောသည်။

စစ်တပ်၏အမိန့်ကြောင့် နေအိမ် (၁၀) လုံးနီးပါးသည် ချက်ချင်းဖယ်ရှားပေးခဲ့ရသည်။ နေအိမ်မှဖယ်ရှားပေးခဲ့ရသဖြင့် မိသားစုဝင်များ ဒုက္ခရောက်နေကြပြီး နေအိမ်မရှိတော့သဖြင့် မည်သည့်နေရာသို့ သွားရမည်ကို မသိချေ။ စစ်ကောင်စီတပ်က ထားဝယ်တွင် ရက်စက်ကြမ်းကြုတ်နေသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ချေ။ ယခုနှစ်အစောပိုင်းတွင်လည်း ကြက်စာပြင်ရပ်ကွက်တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ထားဝယ်မြို့ စောမိညိုလမ်းတလျှောက်ရှိ နေအိမ်အလုံး (၇၀) ကျော်ကို ချက်ချင်းဖယ်ရှားပေးရန် စစ်ကောင်စီက အမိန့်ပေးခဲ့သဖြင့် မိသားစုဝင်များ အလားတူဒုက္ခကို ခံစားခဲ့ရသည်။

နိုဝင်ဘာလ (၂၃) ရက်နေ့တွင် စစ်ကောင်စီတပ်ကို တော်လှန်ရေးတပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ပြီးနောက် စစ်တပ်က မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဆင်ဒင်ကျေးရွာကို ဝင်ရောက်စီးနင်းခဲ့သည်။ ဒေသခံ (၂) ဦးကို ဖမ်းဆီးခဲ့ပြီး နေအိမ် (၆) လုံးကို ဖျက်ဆီးခဲ့သည်။

စစ်ကောင်စီတပ်က ဆင်ဒင်ကျေးရွာကို မနက် (၆) နာရီတွင် ဝင်ရောက်လာပြီး အသက် (၆၀) အရွယ် ဦးမောင်အေးနှင့် အသက် (၃၀) အရွယ် ဦးချစ်စန်းမောင်ကို ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်က ဇဝဲနှင့် ရန်ပြုကျေးရွာအကြားရှိ ကျောက်ချောင်းတောင်တွင် မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် ဖမ်းဆီးမှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သားများ ထိခိုက်သေဆုံးမှု ရှိခဲ့သည်။

“ရွာနားမှာ မိုင်းဆွဲတိုက်ခိုက်ခံရတာ။ စစ်သားတွေ ထိခိုက်သေဆုံးတာ ရှိတယ်။ အဲ ကြောင့် သူတို့က ရွာထဲကို ဝင်လာပြီးတော့ တွေ့တဲ့သူကို ဖမ်းတာ။ ရွာသား (၂) ယောက်ကို ဇဝဲအခြေစိုက် အမှတ် (၅၅၆) ခြေမြန်တပ်ရင်းကို ဖမ်းသွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးမှုအပြင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက နေအိမ်အများအပြားကို စီးနင်းပြီး အဖိုးတန် ပစ္စည်းများကို လုယက်သွားခဲ့သည်။ နေအိမ် (၆) လုံးကိုလည်း မီးရှို့ဖျက်ဆီး ခဲ့သဖြင့် ဒေသခံပြည်သူများမှာ အတိဒုက္ခရောက်ခဲ့ရသည်။ တော်လှန်ရေးတပ်ဖွဲ့ များ၏ ပြောကြားချက်အရ မိုင်းဆွဲတိုက်ခိုက်မှုကို ပူးပေါင်းတပ်ဖွဲ့များက လုပ်ဆောင် ခဲ့ခြင်းဖြစ်ပြီး ဇဝဲကျေးရွာမှ ထွက်ခွာလာသည့် အမှတ် (၅၅၆) ခြေမြန်တပ်ရင်းမှ အင်အား (၈၀) နီးပါးရှိ စစ်ကြောင်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဘန်းလမွတ်နှင့် ရန်ပြုအပါအဝင် အနီးအနားကျေးရွာ များတွင် အင်အားဖြည့်တင်းနေသဖြင့် အကြမ်းဖက်မှုများနှင့် ဖျက်ဆီးမှုများ ထပ်မံ လုပ်ဆောင်လာမည်ကို ဒေသခံများက စိုးရိမ်နေသည်။

တိုက်ပွဲနှင့် အပြန်အလှန်တိုက်ခိုက်မှုများက တနင်္သာရီမြို့နယ်တွင် စစ်ရေး တင်းမာမှု ဖြစ်ပေါ်စေပြီး ဒေသခံပြည်သူများမှာ စစ်ဘေးဒဏ်ကို ခံစားနေရသည်။ စစ်ကောင်စီက ဒေသတွင်းမတည်ငြိမ်မှု ဖြစ်စေပြီး အခြေခံလူ့အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည်။ ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက် ခြင်းများဖြင့် ပြည်သူလူထုကို ထိန်းချုပ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများမှာ တခြားရွေးချယ်စရာ မရှိတော့ဘဲ နေရင်းရပ်ရွာမှ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။ စစ်ကောင်စီတပ်၏ အကြမ်းဖက်မှုကြောင့် စစ်ဘေးရှောင်ပြည်သူဦးရေ အဆမတန် များပြားလာပြီး စားဝတ်နေရေး ခက်ခဲကြပ်တည်းလာသည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

## နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့

### ၁) တိကျသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်း

စစ်ခေါင်းဆောင်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသူများ၊ စစ်ကောင်စီကို ဘဏ္ဍာရေးထောက်ပံ့ပေးနေသူများ၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းနှင့် ရောင်းချခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသူများကို အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ရမည်။

### ၂) တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်း

ပြည်သူလူထုနှင့် လူနည်းစုတိုင်းရင်းသားများကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုနေသည့် လက်နက်ပစ္စည်းများ စစ်ကောင်စီလက်ဝယ်သို့ မရောက်ရှိစေရန် လက်နက်ရောင်းဝယ်မှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တားမြစ်ပိတ်ပင်ရမည်။

### ၃) အပြည်ပြည်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှုယန္တရား ပေါ်ပေါက်လာရန် အားပေးခြင်း

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပေါ်ပေါက်လာစေရန် အားပေးရမည်။ သို့တည်းမဟုတ် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) က စစ်ကောင်စီက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ လုပ်ပိုင်ခွင့်ရရန် အားပေးကူညီရမည်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာစေရန် တိုက်တွန်းပြောဆိုရမည်။

### ၄) နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ခြင်း

ပဋိပက္ခနယ်မြေသို့ အကူအညီများ တိုက်ရိုက်ပေးအပ်နိုင်ခြင်း မရှိသဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်နိုင်ရန် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ရမည်။ အကူအညီများသည် ထိခိုက်နစ်နာသူများထံသို့ အမှန်တကယ်ရောက်ရှိနိုင်ရန်အတွက် ယုံကြည်စိတ်ချရသည့် ဒေသခံအဖွဲ့အစည်းများမှတဆင့် အကူအညီများကို ပေးအပ်ရမည်။

### ၅) သန်းခေါင်စာရင်းကောက်ခံခြင်းကို လွတ်လပ်စွာစောင့်ကြည့်နိုင်ရန် ဖိအားပေးခြင်း

စစ်ကောင်စီက ကောက်ယူနေသော သန်းခေါင်စာရင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။ ပွင့်လင်းမြင်သာမှု ရှိရန်နှင့် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်စားပြုမှုများ လွဲမှားမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရမည်။

## လူသားချင်းစာနာထောက်ထားမှုအလှူရှင်များသို့

### ၁) ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့မှုများ တိုးမြှင့်ခြင်း

ပကတိမြေပြင်တွင် လှုပ်ရှားနိုင်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူထု အခြေပြုအဖွဲ့အစည်းများကို ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။ မတရားစစ်မှုထမ်းခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် အကြမ်းဖက်ခြင်းများ၏ သားကောင်များဖြစ်သည့် ဒေသခံ ပြည်သူများကို ကူညီစောင့်ရှောက်နိုင်ရန်အတွက် ကွန်ရက်များ စတင်ဖွဲ့စည်းထားရမည်။

### ၂) စိတ်ကျန်းမာရေးနှင့် ထိခိုက်ခံစားရမှုများအတွက် ပြန်လည်ထူထောင်ရေးကို ထောက်ပံ့ခြင်း

ပဋိပက္ခဒေသမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိနေသည်ကို အသိအမှတ်ပြုပြီး အဆိုပါပြဿနာကို ဖြေရှင်းနိုင်သည့် တုံ့ပြန်မှုများကို ပြုလုပ် ရမည်။ ထိခိုက်ခံစားရမှုများမှ ပြန်လည်သက်သာနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကုစားရေး အစီအစဉ် များကို အလှူရှင်များက ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။

### ၃) ပြည်သူလူထုများကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကို ပေးအပ်ခြင်း

ဒေသခံပြည်သူများက ဖုံးခိုကျင်းများ တူးဖော်နိုင်ရန်၊ လုံခြုံစိတ်ချသည့် နေရာတစ်ခု ဖန်တီးနိုင်ရန်နှင့် ရုတ်တရက်တိုက်ခိုက်ခံရမှုများကို ကြိုတင်သတိပေးနိုင်သည့် စနစ်တစ်ခု ထူထောင်နိုင်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ပြုလုပ်ရမည်။

## အမျိုးသားညီညွတ်ရေးအစိုးရသို့

၁) သံတမန်ရေးရာထိတွေ့ဆက်ဆံမှုများကို ခိုင်မာအားကောင်းစေခြင်း

အာဆီယံနိုင်ငံများနှင့် ဒေသတွင်းမဟာမိတ်များ၏ ကူညီထောက်ပံ့မှု ရရှိရန် အားထုတ်မှု ကို မြှင့်တင်ရမည်။ အမျိုးသားညီညွတ်ရေးအစိုးရကို ဒီမိုကရေစီစံနှုန်းများကို တန်ဖိုးထားပြီး လူနည်းစုတိုင်းရင်းသားများကို ကာကွယ်ပေးသည့် တရားဝင်အစိုးရအဖြစ် ပုံဖော်ဆောင်ရွက် ရမည်။

### ၂) တိုင်းရင်းသားအဖွဲ့များနှင့် ဆက်ဆံရေး မြှင့်တင်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ တစ်သားတည်းဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်ရမည်။ ဖက်ဒရယ်စနစ်ကို ကတိ ပြုကြောင်း သေချာစေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီစနစ်တွင် လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားရမည်။

### ၃) အရပ်သားလုံခြုံရေးဇုန် တည်ထောင်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်း အမျိုးသားညီညွတ်ရေးအစိုးရက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့်အတူ အရပ်သား လုံခြုံရေးဇုန်များကို တည်ထောင်ရမည်။ အရပ်သားလုံခြုံရေးဇုန်များက အတင်းအဓမ္မ ရွှေ့ပြောင်း ခံရမှုနှင့် စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်သေဆုံးမှုများကို လျှော့ချ ပေးနိုင်မည်ဖြစ်သည်။

### ပါဝင်ပတ်သက်သူများအားလုံးသို့

၁) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ မီဒီယာစာမျက်နှာထက်သို့ ရောက်ရှိနိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပေးခြင်း

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်တင်ပြပေးရန် နိုင်ငံတကာမီဒီယာများကို တွန်းအားပေးရမည်။ စစ်ကောင်စီ၏ အကြမ်းဖက်မှုများ၊ လူနည်းစုတိုင်းရင်းသားများကို ပစ်မှတ် ထားမှုများ၊ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းများနှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်း များကို မီးမောင်းထိုးပြရမည်။

### ၂) လုံခြုံစိတ်ချစွာ ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် အင်တာနက်လုံခြုံရေးဆိုင်ရာ အသိပညာ ပေးမှုများ လုပ်ဆောင်ခြင်း

ပြည်သူလူထုနှင့် တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ ဆက်သွယ်ပြောဆိုလုပ်ကိုင်မှုအားလုံး ကို ကာကွယ်နိုင်ရန် အင်တာနက်လုံခြုံရေးအသိပညာပေးသင်တန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များကို ထောက်ပံ့ပေးအပ်ရမည်။ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ထိုကဲ့သို့သောထောက်ပံ့မှုများကို တိုးမြှင့်ပေးအပ်ရမည်။

### ၃) မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်း အသိပညာပေးခြင်း

ပဋိပက္ခဒေသများတွင် ဒေသခံပြည်သူများ အထူးသဖြင့် ကလေးသူငယ်များကို ထိခိုက်သေဆုံး မှုဖြစ်စေသည့် မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ် အကြောင်းကို အသိပညာပေးနိုင်ရန်အတွက် ပညာပေးသင်တန်းများ စတင်နိုင်ရန် ဘဏ္ဍာရေး ထောက်ပံ့မှုများ ပေးအပ်ရမည်။

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

နိုဝင်ဘာလ ၂၀၂၄ ခုနှစ်